မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ ၂၀၀၈ ခုနှစ်၊ မေ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၂၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုသိမ်၊ လပွတ္တာ၊ မြောင်းမြမြို့တို့ရှိ လေဘေးသင့်သူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၀

ရန်ကုန်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ရောက်ရှိပြီး လေဘေးကယ်ဆယ်ရေးစခန်းများသို့သွားရောက်၍ လေဘေးသင့်ပြည်သူများအား ကြည့်ရှုအားပေးခဲ့သည်။

လမ်းညွှန်မှာကြား

ထိုမှတစ်ဆင့် ညနေ ၃ နာရီတွင် လပွတ္တာမြို့သို့ ရဟတ်ယာဉ်များဖြင့်ထွက်ခွာပြီး လေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအား ကြည့်ရှုအားပေးကာ တာဝန်ခံဝန်ကြီးများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ကြည့်ရှုအားပေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့သည် ညနေ ၄နာရီခွဲတွင် မြောင်းမြမြို့သို့ မော်တော်ယာဉ်များဖြင့်သွားရောက်ပြီး မြောင်းမြမြို့တွင်ရောက်ရှိနေသော လပွတ္တာဒေသမှ လေဘေးသင့် ပြည်သူများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ လူသားချင်း စာနာမှု အကူအညီပေးရေးဆိုင်ရာညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် Mr. John Holmes နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ၊ ဒုတိယအတွင်းရေးမှူးချုပ် ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံ ရန်ကုန်မြို့၌ ရောက်ရှိနေသည့် ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် Mr. John Holmes ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မေ ၂၁ ရက်)

ထုတောင်ရေးလုပ်ငန်းများ ပေါင်းစည်းအားဖြင့်ဆောင်ရွက် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်း ပံ့ပိုးကူညီ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လေဘေးသင့်ဒေသများဖြစ်သည့် ကွမ်းခြံကုန်းမြို့၊ ဒေးဒရဲနှင့် ဖျာပုံမြို့များသို့ သွားရောက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများအားအားပေးစကား ပြောကြားသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ လမ်းညွှန်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့၏ ပေါင်းစည်းညီညွတ်သည့် စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုမုန်တိုင်းဒဏ် ကျရောက်ခဲ့ရာ၌လည်း ဤပေါင်းစည်းညီညွတ်သည့် စွမ်းအားဖြင့်ပင် နိုင်ငံတော်ကို ပြန်လည်ထူထောင်နေခြင်းဖြစ်ကြောင်း မြွက်ကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် လေဘေးသင့်ဒေသများရှိ ပြည်သူများကို ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်အတွက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းစဉ် သုံးဆင့်ဖြင့် ဦးစားပေးအဆင့်အလိုက် စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏စီစဉ်မှု၊ ပြည်တွင်းပြည်ပစေတနာရှင်များ၏ အစားအစာ၊ ဆေးဝါး၊ အဝတ်အထည်နှင့် မိုးကာတဲစသည်များပေးပို့လှူဒါန်းမှုတို့ဖြင့် လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ပထမဆုံးဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

တစ်ချိန်တည်းတွင် ဒုတိယအဆင့်အနေဖြင့် ပျက်စီးသွားသောကျေးရွာများ ပြန်လည်တည်ဆောက်ပေးရေး၊ လမ်း၊ တံတား ဆက်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ကောင်းမွန်ရေး၊ ကျေးရွာအုပ်စုအလိုက် ယာယီကျန်းမာရေးစခန်းများဖွင့်လှစ်ပေးရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေးတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် လယ်ယာမြေပြုပြင်မှု၊ ကျွဲ၊ နွားနှင့် လယ်ထွန်စက်ငယ်များ ပံ့ပိုးပေးမှု၊ ပဲ့ထောင်လှေ၊ ငါးဖမ်းပိုက်များ ဖြည့်ဆည်းပေးမှုလုပ်ငန်းကို ပံ့ပိုးကူညီရန် စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

ရေရှည်သဘာဝဘေးအန္တရာယ် ကာကွယ်နိုင်ရန်အတွက် ရေလွတ်ကုန်းမြင့်များ၊ ရေတား၊ လေတားသစ်ပင်များ တည်ဆောက် စိုက်ပျိုးရေးတို့အပြင် ကျေးရွာချင်းဆက်လမ်းများကို ရေလွတ်အောင် လမ်းအမြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပညာရေးနှင့်စပ်လျဉ်း၍ အချက်အချာကျသည့်နေရာများ၌ အခြေခံပညာအလယ်တန်းဆင့်အထိ တိုးချဲ့ဖွင့်လှစ် ထူထောင်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော ဒေသများတွင် နိုင်ငံတော်အစိုးရက တပ်မတော်နှင့်ပြည်သူတို့၏ ပေါင်းစည်းညီညွတ်အားဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဖြည့်ဆည်းကူညီသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကဆုန်လပြည့်နေ့က လမ်းမတော်မြို့နယ် ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး အနေကဇာတင်ပူဇော်ပွဲတွင် မြို့နယ်သံဃနာယက အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကုနဓဝံသအား မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်နှင့် စေတီတော်စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ဆွေအောင်တို့က သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (၁၀၄)

မြဝတီရုပ်မြင်သံကြား

၂၁-၅-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀	၈။	ရန်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၄၈)
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောဤကမ္ဘာ** (အပိုင်း -၁၆) (ဇာတ်သိမ်းပိုင်း)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း-၉)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ဖျာပုံခရိုင်နှင့်မြို့နယ် ဌာနတာဝန်ခံများနှင့်တွေ့ဆုံ

မိုးစပါး ရာသီအချိန်မီစိုက်ပျိုးရေး အမြန်ဆုံးဆောင်ရွက်ရန်မှာကြား

ရန်ကုန် မေ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ ၇ ရက်က ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့အား တွေ့ဆုံ၍ မုန်တိုင်းဒဏ်ကြောင့်ထိခိုက်ပျက်စီးသည့် ဒေသများတွင် ရာသီအမီ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်မည့်အချက်များကို ရှင်းလင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်များရှိ ပင်လယ်ကမ်းပတ်တာများဖြစ်သည့် ပိုက်ဆီးမရမ်းတာ၊ မရမ်းဖွဲ့ဘာတာ၊ ထွန်းစိန်သာသာမြိုင်တာ ထိခိုက်မှုများ အခြေအနေကိုလည်းကောင်း၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များရှိ မုတ်ကျွန်းတာများ အခြေအနေကိုလည်းကောင်း၊ ဆက်လက်၍ ဒေးဒရဲမြို့နယ်ရှိ သိဒ္ဓိမြစ်ဘေးတာ၊ မြစ်မိးကန် ပင်လယ်ရေငန်တာ၊ ရေကာတာများကိုလည်းကောင်း၊ ဖျာပုံမြို့နယ်ရှိ ဇင်းဘောင်ကျွန်းပတ်တာ၊ လက်ပန်ကျွန်းပတ်တာ၊ ကျုံကဒွန်းတာ (ကြက်ဖမွေးဇောင်းကျွန်းပတ်တာ)၊ ဘုရားကြီးရိုးဇင်းဘောင်တာနှင့် ဆူးကလပ်ကျွန်းပတ်တာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်တို့သည် ဖျာပုံမြို့စာရင်းစစ်ရုံးတွင် ဖျာပုံခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေး၊ ဆည်မြောင်း၊ မြေစာရင်းဌာန တာဝန်ခံများနှင့် တွေ့ဆုံ၍ တာများပြုပြင်ရေး၊ မိုးစပါး ရာသီအချိန်မီ စိုက်ပျိုးရေး၊ ထွန်ယက်ရေး၊ မျိုးဖြန့်ဖြူးရေးကိစ္စများအမြန်ဆုံးဆောင်ရွက်ကြရန် မှာကြားပြီး ရန်ကုန်မြို့ ဆည်မြောင်းဦးစီးဌာနတွင် လုပ်ငန်းဌာန တာဝန်ရှိသူများနှင့် မိုးစပါး အချိန်မီစိုက်ပျိုးရေး ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)လမ်းနေ ဦးဝင်းဆွေ-ဒေါ်မြင်းသွယ်နှ၊ သား ကိုခန့်စည်သူ မိသားစုက ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ တပ်မတော်(ရေ) ပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၂၀

လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို တပ်မတော်(ရေ)က ဆက်လက်ပါဝင် ဆောင်ရွက်လျက်ရှိရာ မေ ၁၈ရက်က ဘိုကလေးမြို့နယ်အခြေပြု စစ်ရေယာဉ်တစ်စင်းသည် ဘေထုပ် ၁၈ထုပ်၊ ပလတ်စတစ်ပုံး အပိတ် ၃၃လုံး၊ ရေပုံး ၁၈ပုံး၊ ပလတ်စတစ်ပုံးစိမ်းအကြီး ၁၅ပုံး၊ အိပ်ရာအခင်း အထုပ် ၄၀၊ မုန့် ၅၈ဖာ၊ လူတစ်ကိုယ်စာအိပ်ရာထုပ် ၅၈ထုပ်၊ ခြင်ထောင်၊ ထမင်းဘူးအထုပ် ၃၀၊ အချိုရည်ဖာ ၂၅၀၊ ကုန်ခြောက်စုံ ၈၉ထုပ်၊ နို့မှုန့်အထုပ် ၂၀၊ စောင်ထုပ်အသေး ၃၉ထုပ်၊ စောင်ထုပ်စိမ်းကြီး ၁၅ထုပ်၊ အခင်းစောင် ၁၈ထုပ်၊ တာပေါ်လင်စ၃၃လိပ်၊ ပါတိတ်ထဘီ ၂၃ထုပ်၊ ခြင်ထောင်ထုပ်အကြီး ၁၁ထုပ်၊ ပစ္စည်းစုံ အထုပ်၈၀၊ ရေစုပ်စက်ဆက်စပ်ပစ္စည်း လေးစုံ၊ ရွက်ဖျင်၃၂ထုပ်၊ မိုးကာ ၅၈ထုပ်၊ ရေသန့်ဘူးခြောက်လုံးပါ ကတ် ၂၇၀နှင့် သင်္ကန်း ၁၀စုံ စုစုပေါင်း ၃၇ဒသမ ၅တန်ကို တင်ဆောင်၍ ကဒုံကနီရှိ ပြန်လည်ထူထောင်ရေးစခန်းသို့ လည်းကောင်း၊ လပွတ္တာအခြေပြု စစ်ရေယာဉ်တစ်စင်းသည် ဆန်အိတ် ၂၂၀၊ စားအုန်းဆီနှစ်ပီပါ၊ မိုးကာအိတ် ၃၅အိတ်၊ ရော်ဘာအိပ်ရာခင်း ၁၄၇ခု၊ ရေသန့်ဘူး ၁၂၀၀၊ ဘေထုပ်အကြီးလေးထုပ်၊ ရေစုပ်ပိုက်အကြီး ငါးချောင်း၊ ရေစုပ်စက် ငါးလုံး၊ ဆပ်ပြာ ၁၂ဖာ၊ ရွက်ဖျက်တဲ၁၅ထုပ်၊ မာမီးခေါက်ဆွဲ၁၀ဖာ၊ ကြာဆံ ၁၀အိတ်၊ ငါးခြောက်၁၀အိတ်၊ မီးစက်တစ်လုံး၊ မုန့်၁၃ထုပ်၊ ဆားနှစ်အိတ်၊ ကုလားပဲသုံးအိတ်၊ အာလူး၁၀အိတ်၊ ဘေထုပ်အသေး ၅၉ထုပ်နှင့် ဒီဇယ်၁၀ ပေပါ စုစုပေါင်း ၂၅တန်ကိုတင်ဆောင်၍ ပိုးလောင်းကြီး ပြန်လည်ထူထောင်ရေးစခန်းသို့လည်းကောင်း ပို့ဆောင်ပေးကြသည်။

ပြန်လည်ထူထောင်

ထို့အတူ စစ်ရေယာဉ်တစ်စင်းသည် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ သူနာပြုများနှင့် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးပစ္စည်းများကို တင်ဆောင်၍ ဘိုကလေးမှ စက်ဆန်းသို့ ပို့ဆောင်ပေးပြီး မြစ်ဝကျွန်းပေါ် လေဘေးသင့်ဒေသများ၌ အခြေပြုလျက်ရှိသော စစ်ရေယာဉ်များသည် သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးစခန်းများ၌ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အပါအဝင် ရပ်ရွာသန့်ရှင်းရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်းဒဏ်ကို ပြန်လည်တွန်းလှန် တည်ဆောက်နေသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လုပ်အားနှင့်စွမ်းပကား

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့် စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

မြန်မာနိုင်ငံတွင် မေလ၂ရက်နှင့်၃ရက်က မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ ပြည်သူများ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ကြရသည်။

ယင်းမုန်တိုင်းဒဏ်ကြောင့်ပြည်သူများနည်းတူ နိုင်ငံတော်အစိုးရဝန်ကြီးဌာနအချို့လည်း ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့သည်။ ထိုအထဲတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တစ်မြို့လုံးတွင် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခဲ့ရသော်လည်း မုန်တိုင်းစဲပြီးနောက် ချက်ချင်းထိခိုက်ပျက်စီးမှု မရှိခဲ့သော မြေအောက်

ရန်ကုန်မြို့တွင် မုန်တိုင်းကြောင့် ပျက်စီးသွားသော လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်နေမှုကို ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဤသို့ကွင်းဆင်းကြီးကြပ် စစ်ဆေးခဲ့သည်။

လျှပ်စစ်ဓာတ်အားလိုင်းများကို အသုံးပြု၍ ရန်ကုန်မြို့၏ အရေးကြီးနေရာတချို့ကို လျှပ်စစ်ဓာတ်အားပို့လွှတ်နိုင်အောင် ကြိုးစားခဲ့သည်။ ၂၀၀၈ ခုနှစ် မေလ ၄ ရက်နေ့မှစ၍ ၁၇ ရက်နေ့အထိ လျှပ်စစ်ဓာတ်အား ပြန်လည် ဖြန့်ဖြူးပေးနိုင်ရန် နေ့ရောညပါ ကြိုးပမ်းလျက် ရှိကြသည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး၊ဒုတိယဝန်ကြီး၊ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများပါဝင်သော ဦးဆောင်ကြီးကြပ် ကွပ်ကဲရေး အဖွဲ့အား ကျွန်တော် သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်။

ရန်ကုန်တိုင်းအတွင်းမုန်တိုင်းမကျမီ

မူလဓာတ်အားဖြန့်ဖြူးပေးမှု

၂၀၀၈ခုနှစ် ဧပြီလ နောက်ဆုံးပတ် ခြောက်သွေ့ရာသီ၌ ဓာတ်အားထုတ်လုပ်နိုင်မှုအပေါ် မူတည်၍ ရန်ကုန်မြို့ကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ခွဲဝေသတ်မှတ်ပေးသည့် ဓာတ်အားပမာဏနှင့်အညီ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ဓာတ်အားများ ဖြန့်ဖြူးပေးခဲ့ကြောင်း၊အရေးကြီးဌာနများတွင် ဓာတ်အား၂၄နာရီ ပေးထားသလိုအလှည့်ကျစနစ်ဖြင့် စက်မှုဇုန်များအား အုပ်စုနှစ်စုခွဲ၍ ငါးနာရီကျစီဖြင့် လည်းကောင်း၊ အများပြည်သူများအား အုပ်စုသုံးစု ခွဲ၍ ခြောက်နာရီကျစီဖြင့် လည်းကောင်း၊ ဓာတ်အားများ ဖြန့်ဝေပေးခဲ့ကြောင်း၊ ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ နေ့ပိုင်းတွင် အမြင့်ဆုံး ၃၅၃ဒသမ ၂မဂ္ဂါဝပ်နှင့် ညပိုင်းတွင် အမြင့်ဆုံး ၄၀၇ ဒသမ ၃ မဂ္ဂါဝပ်အထိရှိကြောင်း သိခွင့်ရရှိခဲ့သည်။

ရန်ကုန်မြို့၏ဓာတ်အားပေးစနစ်

မုန်တိုင်းဒဏ်ခံရမှု

၂၀၀၈ခုနှစ်မေလ၃ရက်၀၀း၃၀နာရီခန့်မှစ၍ မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ရန်ကုန်မြို့သို့ ဓာတ်အားပို့လွှတ်ပေးလျက်ရှိသော ၂၃၀ ကေဗွီ လှော်ကား-သာကေတ မဟာဓာတ်အားလိုင်း၏ တာဝါတိုင်အမှတ် (၅၇)၊ ၂၃၀ကေဗွီ မြောင်းတကာ - လှိုင်သာယာ မဟာ ဓာတ်အားလိုင်း၏ တာဝါတိုင်အမှတ် (၄၉)၊ ၂၃၀ ကေဗွီ လှိုင်သာယာ-အသုတ် မဟာဓာတ်အားလိုင်း၏ တာဝါတိုင် အမှတ်(၃၁)တို့ ပြိုလဲ ပျက်စီးခဲ့သည်။ ၎င်းအပြင် ရန်ကုန်မြို့တွင် ဖြန့်ကြက် တည်ဆောက်ထားသော ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ကေဗွီ၊ ၆ဒသမ၆ ကေဗွီ စသည့် ကောင်းကင် ဓာတ်အားလိုင်းများတွင် သံတိုင်နှင့် ကျောက်တိုင် စုစုပေါင်း၁၃၂၈၂၆ တိုင်ရှိသည့်အနက် တိုင်ပေါင်း၈၉၆၆တိုင်မှာ ပြိုလဲပျက်စီးသွားခဲ့ပြီး မုန်တိုင်းအရှိန် မြင့်လာသည့် ထိုနေ့နံနက် ၅နာရီခန့်တွင် ရန်ကုန်တစ်မြို့လုံးသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှုမှာ လုံးဝ ရပ်ဆိုင်းသွားရတော့သည်ဟုဆို၏။ မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တိုင်းအတွင်း ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၅၀၅၈ ဒသမ၇၂၈ သန်းခန့် ရှိသည်ဟုလည်း သိရသည်။

ထိုသို့ ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ရခြင်းကြောင့် အများပြည်သူတို့တွင် သောက်သုံးရေပြတ်လပ်ခြင်း၊ နေအိမ်သုံးလျှပ်စစ်ပစ္စည်းများမသုံးစွဲနိုင်တော့ဘဲ လူမှုရေးပြဿနာများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ရောင်းဝယ်ဖောက်ကားမှုများ ရပ်ဆိုင်းသွားပြီး စီးပွားရေးပြဿနာများ၊ ညပိုင်းတွင် လျှပ်စစ်မီးမရှိ၍ လုံခြုံရေးပြဿနာများ စသည်တို့ဖြစ်ခဲ့သည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မုန်တိုင်းစဲပြီးနောက် ရန်ကုန်မြို့အား အချိန်တိုအတွင်း လျှပ်စစ်ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဝန်ကြီးဦးဆောင်၍ လက်အောက်ခံ ဦးစီးဌာနများဖြစ်သည့် ဝန်ကြီးရုံးမှ အင်အား ၁၀ ဦး၊ လျှပ်စစ်စွမ်းအားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော အင်အား ၁၃ဦး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော အင်အား ၂၈၅ဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော အင်အား ၅၂၈ဦး၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးဆောင်သော အင်အား ၃၆၄၅ဦး၊ ပြည်နယ်နှင့်တိုင်းများမှအကူအင်အားများနှင့်စုစုပေါင်း အင်အား ၅၀၀၀ခန့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ အင်အား ၅၇ဦး၊ ပြင်ပကုမ္ပဏီများ ဖြစ်ကြသည့် စိုးလျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီ၊ ရန်ကုန် ထရန်စဖော်မာ ကုမ္ပဏီ၊ ခင်မောင်ညွှန့် ထရေးဒင်းကုမ္ပဏီ၊ နောင်တုံကုမ္ပဏီ၊ အော်ရေဂျင်နယ်ဂရု စသည်တို့မှ စက်ကိရိယာ ကျွမ်းကျင်ပညာရှင်များပါဝင်ဆောင်ရွက်ခဲ့မှုကြောင့် မေ၃ရက် မုန်တိုင်းစဲသည့် ညပိုင်းမှာပင်လျှပ်စစ်မီးများ ပြန်လည်ဖြန့်ဝေပေးနိုင်ခဲ့သည်။ ဒဂုံမြို့နယ်ရှိ အမှတ်(၂၅)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနအပါအဝင်အရေးကြီးဌာနများ၊မေလ၄ရက်တွင်ရန်ကုန်ဆေးရုံကြီး၊ မြို့တော်ခန်းမ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ ရွှေတိဂုံစေတီတော်ကြီး၊ ကလေးဆေးရုံ၊ ဗဟိုအမျိုးသမီးဆေးရုံ၊ နိုင်ငံခြားသံရုံးများ အပါအဝင် လသာ၊ ဗဟန်း၊ ကျောက်တံတား၊ မရမ်းကုန်းမြို့နယ် အတွင်းရှိ လူနေရပ်ကွက်များအား လျှပ်စစ်မီးများ ပေးနိုင်ခဲ့သည်။

ယခုအခါ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ တာမွေ၊ တောင်ဥက္ကလာ၊ ဒဂုံ(တောင်)၊ ဒဂုံ(မြောက်)၊ ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊မြောက်ဥက္ကလာပ၊ရန်ကင်း၊ သာကေတ၊ သဃ်ၤန်းကျွန်း အပါအဝင် ၁၄မြို့နယ်၊ ရန်ကုန် အနောက်ပိုင်းခရိုင်အတွင်းရှိ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ကျောက်တံတား၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ ဗဟန်း၊ မရမ်းကုန်း၊ လသာ၊ လှိုင်၊ လမ်းမတော်၊ အလုံအပါအဝင် ၁၃ မြို့နယ်၊ ရန်ကုန် မြောက်ပိုင်းခရိုင်အတွင်းရှိ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ ထောက်ကြံ့၊ တိုက်ကြီး၊ ဥက္ကံ၊ အဖျောက်စသည့် မြို့နယ်များ၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းမှသန်လျင်မြို့နယ်တို့ဖြစ်သည်။ အဆိုပါမြို့နယ်များတွင် တချို့မြို့နယ်များ၌ ရာနှုန်းပြည့်နီးပါး မီးလင်းလျက်ရှိပြီး တချို့မြို့နယ်များတွင် ရာနှုန်းပြည့် မဟုတ်သော်လည်း အရေးကြီးနေရာများတွင် မီးများ ပြန်လည်လင်းနေသည်ဟု သိရသည်။

ဧရာဝတီတိုင်း

ဧရာဝတီတိုင်းတွင် မုန်တိုင်းကြောင့် လျှပ်စစ်ဓာတ်တိုင်များနှင့် ကြွေသီးများ ပြိုလဲ ပျက်စီးခဲ့သဖြင့် ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၃၀၇၄ ဒသမ ၇၃၃သန်းခန့်ရှိသည်ဟု သိရ၏။

ပဲခူးတိုင်း၊ကရင်ပြည်နယ်၊မွန်ပြည်နယ်

ပဲခူးတိုင်းတွင်လည်း မုန်တိုင်းအဖျားရိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ဆိုင်ရာပစ္စည်းများ တန်ဖိုးငွေ ကျပ်သန်းပေါင်း ၁၇၅၀ ဒသမ ၆၉၆သန်းခန့်၊ ကရင်ပြည်နယ်တွင်လည်း မုန်တိုင်းအရှိန်ကြောင့် လိုင်းကြိုးနှင့် ဓာတ်တိုင် အနည်းငယ် ပျက်စီးခဲ့ပြီး ပျက်စီးမှုပစ္စည်းတန်ဖိုးမှာ တန်ဖိုးငွေ ကျပ်သန်းပေါင်း ၁၄ ဒသမ ၀၁ သန်းခန့်၊ မွန်ပြည်နယ်တွင်လည်း ပျက်စီးဆုံးရှုံးမှု လျှပ်စစ်ဆိုင်ရာပစ္စည်း တန်ဖိုးငွေ ကျပ်သန်းပေါင်း ၄၉ဒသမ ၇၅၀ သန်းခန့်ရှိသည်ဟု သိရသည်။

မုန်တိုင်း တိုက်ခတ်မှုကြောင့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများဆုံးရှုံးမှုတန်ဖိုးမှာ ရန်ကုန်တိုင်းမှ အများဆုံးဖြစ်ခဲ့ပြီး ဒုတိယ အများဆုံးမှာ ဧရာဝတီတိုင်း ဖြစ်သည်ဟု ဆို၏။

ဧရာဝတီတိုင်းကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဦးဆောင်ပြီး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် အခြားလေဘေးဒဏ်မခံရသည့်ပြည်နယ်နှင့်တိုင်းများမှ လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းအင်အား ၃၁၁ကျော် ပြုပြင်တည်ဆောက်ခဲ့မှုကြောင့် ဧရာဝတီတိုင်းအတွင်း ၂၆ မြို့နယ် ရှိသည့်အနက် ၁၉ မြို့နယ်တွင် ယခုအခါလျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ပြီဟု သိရသည်။ လေမုန်တိုင်းဒဏ် အဓိကခံခဲ့ကြရသည့် ဖျာပုံ၊ဒေးဒရဲ၊ကျိုက်လတ်၊ဘိုကလေး၊ မော်လမြိုင်ကျွန်း၊လပွတ္တာနှင့်ဟိုင်းကြီးကျွန်း အပါအဝင် ခုနစ်မြို့နယ်တို့အား လျှပ်စစ်ဓာတ်အားပေးစက်များပို့ဆောင်ပြီး လမ်းမီးများ၊ အရေးကြီးဌာနများနှင့် လေဘေးကယ်ဆယ်ရေးစခန်းများအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိနေသည်ဟု သိရသည်။

ကျွန်တော်သည် မေလ၁၇ရက်က လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြင်ဆင်နေကြသည့် ရန်ကုန်တိုင်း လေးခရိုင် အတွင်းသို့ လှည့်လည်ကြည့်ရှု စစ်ဆေးနေသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ လိုက်ပါရင်း ရန်ကုန် အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်၌ တာဝန်ယူကြီးကြပ်၍ လျှပ်စစ်ဓာတ်အားလိုင်းများ ပြုပြင်နေသည့် ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်း၊ ရန်ကုန် အနောက်ပိုင်းခရိုင်မှ ခရိုင်မှူး ဒုတိယ

ရန်ကုန် အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်တွင် လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သော ဓာတ်တိုင်နှင့် ဓာတ်အားလိုင်းများကို ခရိုင်အင်ဂျင်နီယာများ ဦးဆောင်၍ ဤသို့ လူအား၊ စက်အားတို့ဖြင့် အစားထိုး ပြုပြင်ခဲ့ကြသည်။

ဗိုလ်မှူးကြီးမျိုးတင့် (ငြိမ်း)နှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကိုကိုနိုင်၊ ဗဟန်းမြို့နယ်ကြီးကြပ်ရေးမှူး ဗိုလ်ကြီးအုန်းကို (ငြိမ်း)၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ဇော်လတ်တို့အား တွေ့ဆုံ၍ ရန်ကုန်မြို့တွင်း လျှပ်စစ်ဓာတ်အား အမြန်ပြန်လည်ဖြန့်ဖြူးပေးနိုင်အောင် မည်ကဲ့သို့ဆောင်ရွက်ခဲ့ကြပုံများကို မေးကြည့်ရာ ၎င်းတို့က ရန်ကုန်တွင် မေလ၃ရက်က တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် ၁၂ မီတာ၊ ၁၀ မီတာနှင့် ၉ မီတာရှိ ဓာတ်တိုင်များ ကျိုးပဲ့ ပျက်စီးခဲ့ပြီး ရန်ကုန်တစ်မြို့လုံး လျှပ်စစ်မီး ပြတ်တောက်သွားခဲ့ကြောင်း၊ သို့ဖြစ်၍ မိမိတို့ အမှတ်(၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှ ဝန်ကြီး ကိုယ်တိုင် ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အင်ဂျင်နီယာချုပ်များက ကြီးကြပ်ပြီး ပြုပြင်ခြင်းလုပ်ငန်းကို နေ့ရောညပါ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြရကြောင်း၊ ပြန်လည်ပြုပြင်ရာမှာ အဓိက ဓာတ်အားပို့လွှတ်သည့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံကြီးများနှင့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ၏ ပျက်စီးချို့ယွင်းမှု အပိုင်းများကို အရင်ပြင်ဆင်ခဲ့ကြောင်း၊ ၎င်းနောက် လီတာလိုက်ဖြန့်သည့် ၁၁ကေဗွီနှင့် ၆ ဒသမ ၆ ပုံ့ပိုး ထရန်စဖော်မာလိုင်းများကို သန့်ရှင်းပြီး ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးခဲ့ကြောင်း၊ ဓာတ်အားများ ဖြန့်ဖြူးရာမှာ ခွဲရုံကို ဓာတ်အားရောက်ပြီးပြီးခြင်း ရန်ကုန်မြို့မှ အဓိကကျသည့် ဆေးရုံကြီးများ၊ ရွှေတိဂုံစေတီတော်ကြီး၊ နိုင်ငံပိုင် စက်ရုံကြီးများ၊ စက်မှုဇုန်များ၊ နိုင်ငံခြားသံရုံးနှင့် သံတမန်အိမ်များ၊ အရေးကြီး ဌာနကြီးများနှင့် မြို့နယ်အတွင်းရှိ အဓိကလမ်းမကြီးများကို ဦးစားပေး၍ ဓာတ်အားများ ပို့လွှတ် ဖြန့်ဖြူးပေးနေကြောင်း၊ လမ်းသွယ် နှင့် ကြားလမ်းများကို ဒုတိယ ဦးစားပေး၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် စီစဉ်ထားပါကြောင်း။

လျှပ်စစ်ဓာတ်တိုင်များ၊ ဓာတ်ကြိုးများပြန်လည်ပြုပြင်တည်ဆောက်သည့်နေရာတွင် ကျွမ်းကျင် လုပ်သားများသည် နေ့ရောညပါ ပြုပြင်လျက်ရှိနေကြပြီး ထမင်းကို လုပ်ငန်းခွင်အတွင်း၌ပင် စားကြရကြောင်း၊ ထမင်းစားချိန် သီးခြား မရှိဘဲ ညဉ့်နက် သန်းခေါင်အထိပြုပြင်ရေးလုပ်ငန်းများကို နေ့မအား ညမနား လုပ်ဆောင် နေကြကြောင်း စသည့် မုန်တိုင်းဒဏ်ကြောင့် ချို့ယွင်းခဲ့ရမှုများကို အားကြိုးမာန်တက် ပြင်ဆင်နေကြသည့် ကျွမ်းကျင်ဝန်ထမ်းများ၊ ဦးဆောင်ကြပ်မတ် စီစဉ်နေကြသူများထံမှ သိရှိခွင့်ရသမျှကို စာဖတ်သူများထံ ဝေမျှခံစား သိရှိနိုင်ရန် ရေးသားတင်ပြ လိုက်ရပါသည်။ ။

မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တစ်မြို့လုံးတွင် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခဲ့ရသော်လည်း မုန်တိုင်းစဲပြီးနောက် ချက်ချင်းထိခိုက်ပျက်စီးမှု မရှိခဲ့သော မြေအောက်လျှပ်စစ်ဓာတ်အားလိုင်းများကိုအသုံးပြု၍ ရန်ကုန်မြို့၏ အရေးကြီးနေရာတချို့ကို လျှပ်စစ်ဓာတ်အားပို့လွှတ်နိုင်အောင် ကြိုးစားခဲ့။

ကုလသမဂ္ဂလူသားချင်းစာနာမှုအကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဝန်ကြီးများအား လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၂၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့အား ရန်ကုန်မြို့၌ ရောက်ရှိနေသော ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ဒုတိယ အတွင်းရေးမှူးချုပ် Mr. John Holmes ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနရှိ အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ဒုတိယ အတွင်းရေးမှူးချုပ် Mr. John Holmes က မြန်မာနိုင်ငံ၌ မကြာမီက ကျရောက်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် အသက်၊ အိုးအိမ် ထိခိုက်ပျက်စီးမှုအားလုံးအတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့် မိမိတို့အားလုံးက များစွာ စာနာကြေကွဲရပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်သူများ သေဆုံးရခြင်းအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ် သုံးရက် သတ်မှတ်ခဲ့သည်ကို မှတ်သားမိပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝန်ကြီးများက မေ ၁ရက်မှ စတင်ပြီး ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်လာမှုအဆင့်ဆင့်နှင့် အင်အားကြီးမားသည့် နာဂစ်အမည်ရှိ ဆိုင်ကလုန်းအဖြစ် ပြောင်းလဲ၍ မေ ၂ရက်နှင့် ၃ရက်တို့တွင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့ကို ဗဟိုပြု၍ တိုက်ခတ်ခဲ့ပုံများ၊ အဆိုပါ လေမုန်တိုင်းကြောင့် မကြုံစဖူး ကြီးမားသော ပင်လယ်ဒီရေတက်မှုကြောင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ၊ မုန်တိုင်းတိုက်ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်က ချက်ချင်း အရေးယူဆောင်ရွက်ပေးမှုများ၊ ကယ်ဆယ်ရေးစခန်းများကို လေဘေးသင့် ဒေသများတွင်ဖွင့်လှစ်၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းအလှူရှင်များက လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်းများကို ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးစခန်းများမှ တစ်ဆင့် နေ့ချင်း ပို့ဆောင်ပေးမှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပုံ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်ကြသော အိုးအိမ်များ၊ ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ ပြန်လည်ဆောက်လုပ်ရေးအတွက် ဆောက်လုပ်ရေးပစ္စည်းများ၊ လယ်ယာမြေများ ပြန်လည်အသုံးပြုနိုင်ရေးအတွက် ရေငန်များ စုပ်ထုတ်ရန် ရေစုပ်စက်များ၊ လယ်ထွန်စက်များ၊ စက်သုံးဆီများ၊ ဓာတ်မြေဩဇာများ၊ သား၊ ငါး ကဏ္ဍတွင် လိုအပ်သော ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာများ၊ ဆားထုတ်လုပ်မှု လုပ်ငန်းများ ပြန်လည်လုပ်ဆောင်ရေးဆိုင်ရာ ပစ္စည်းများ များစွာလိုအပ်မှုတို့ကို လည်းကောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးများကို စနစ်တကျနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ INGO အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ INGO အဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများက ပေးအပ်သည့် အကူအညီများအားလုံးအတွက် ကျေးဇူးတင်ရှိကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

စာနာထောက်ထား

ယင်းနောက် ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် Mr.John Holmes က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် နှစ်ဖက်ပူးတွဲပြီး ရေရှည် ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သဖြင့် မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် လေဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်သည့် အကူအညီများ ပေးလိုပါကြောင်း၊ အကူအညီများ ပေးအပ်ရာတွင် မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့အကူအညီပေးရေးဆိုင်ရာကိစ္စတို့တွင် မိမိတို့အနေဖြင့် ဆောင်ရွက်လိုသည့် အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ဝန်ကြီးများက လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသဖြင့် အားရဝမ်းသာဖြစ်မိပါကြောင်း၊ မိမိတို့သည် လူသားချင်း စာနာထောက်ထားသည့် အကူအညီသက်သက်အတွက် လာရောက်ခြင်းဖြစ်ပြီး နိုင်ငံရေးအရောင် လုံးဝ မပါပါကြောင်းဖြင့် ပြောကြားသည်။**(သတင်းစဉ်)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

မေ၂၀ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ကုလသမဂ္ဂလူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် Mr. John Holmes အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တို့အား ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် Mr. John Holmes နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

တိုင်တစ်ဝက်လွှင့်ထူ

ထို့ကြောင့် ယနေ့နံနက် ၉နာရီမှ စတင်၍ နေပြည်တော်ရှိ အစိုးရဌာနရုံး အဆောက်အအုံများ၊ မြို့တော်ခန်းမ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဟိုတယ်များနှင့် လူနေ အဆောက်အအုံများ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် တိုင်တစ်ဝက် လွှင့်ထူထားကြောင်း တွေ့ရှိရသည်။

အလားတူ ယနေ့နံနက် ၉ နာရီမှ စတင်၍ ရန်ကုန်မြို့ရှိ အစိုးရဌာနရုံး အဆောက်အအုံများ၊ မြို့တော်ခန်းမ၊ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဟိုတယ်များနှင့် လူနေအဆောက်အအုံများ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို တိုင်တစ်ဝက်လွှင့်ထူထားသည်ကို တွေ့ရှိရပြီး ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများ၏ သံရုံး အဆောက်အအုံများ၌လည်း မိမိတို့နိုင်ငံအလိုက် နိုင်ငံတော်အလံများကို တိုင်တစ်ဝက် လွှင့်ထူထားသည်ကို တွေ့ရှိရသည်။

ထို့အတူ မန္တလေးမြို့တွင်လည်းကောင်း၊ တောင်ကြီးမြို့တွင်လည်းကောင်း၊ ပုသိမ်မြို့တွင်လည်းကောင်း ရုံးဌာနအဆောက်အအုံများနှင့် လူနေအဆောက်အအုံများတွင် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံကို တိုင်တစ်ဝက် လွှင့်ထူခဲ့ကြပြီး မြန်မာနိုင်ငံအနှံ့ မြို့များတွင်လည်း အလားတူ နိုင်ငံတော်အလံ တိုင်တစ်ဝက်လွှင့်ထူခဲ့ကြသည်။

ငြိမ်သက်

အလားတူ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် မော်တော်ယာဉ်များ၊ ပြည်သူလူထုများသည် နံနက် ၉ နာရီတွင် လှုပ်ရှားမှုများ ခေတ္တရပ်ဆိုင်းပြီး သုံးမိနစ် ငြိမ်သက်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သန်လျင်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမိုးအောင်နှင့် MY ကုမ္ပဏီနှင့် ရွှေတောင်ကုမ္ပဏီတို့မှ အလှူရှင်များ မေ ၁၈ ရက် မွန်းလွဲပိုင်းတွင် ကျောက်တန်းမြို့နယ် တံတားမြို့၌ ငွေကျပ် သိန်း ၁၅၀ တန်ဖိုးရှိ မိုးကာဖျင်၊ ခြင်ထောင်၊ အဝတ်အထည်၊ အိုးခွက်ပန်းကန်၊ လူသုံးကုန်ပစ္စည်းများနှင့် စားစရာမျိုးစုံတို့ကို မုန်တိုင်းဒဏ်သင့် မိသားစုများအတွက် လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ကျန်းမာရေးစောင့်ရှောက်သူများအဖွဲ့ မြောင်းမြမြို့နယ်၌အခြေစိုက်၍ ကျန်းမာရေးစောင့်ရှောက်

ရန်ကုန် မေ ၂၀

ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံ၌ ရောက်ရှိနေကြသော ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်သူများအဖွဲ့သည် မေ ၁၈ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Bansarn Bunnag၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်တို့နှင့် ညှိနှိုင်းဆွေးနွေးပြီး ဧရာဝတီတိုင်း မြောင်းမြမြို့နယ်သို့ ထွက်ခွာသွားကြသည်။

ကျန်းမာရေးစောင့်ရှောက်

အဆိုပါအဖွဲ့သည် မြောင်းမြမြို့နယ်၌ အခြေစိုက်၍ မြန်မာနိုင်ငံမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းကာ လေဘေးသင့်စခန်းများသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ကုသမှုများကိုပြုလုပ်ကြပြီး ယနေ့တွင်လည်း လပွတ္တာမြို့ရှိ စခန်းများသို့ သွားရောက်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မေ ၁၆ရက်က အ-ထ-က(၂) သာကေတကျောင်း၌ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီအောင်ခိုင်နှင့် သတိုးစောတို့ ဦးဆောင်သော ကိုလူချောတို့ လုပ်အားဒါနအဖွဲ့နှင့် ဗိုလ်ကြီးကျော်မိုးဝေဦးစီးသော တပ်မတော်သားများ ကျောင်းဝင်းအတွင်း ပြိုကျပျက်စီးခဲ့သည့်အဆောင်များကို ပြန်လည်ရှင်းလင်းနေစဉ်။ (က-ပ)

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအား ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် မေ ၂၀

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မော်လမြိုင်ကျွန်းမြို့၌ လေဘေး၊ ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၇ရက် မွန်းလွဲပိုင်းတွင် မော်လမြိုင်ကျွန်းမြို့ ဆိပ်ကမ်း၌ ဝါးခယ်မမြို့ ကယ်ဆယ်ရေးစခန်းမှ ရွှေငွေမြင့်နှစ်ထပ်သင်္ဘောကြီးဖြင့် ပြန်လည်ရောက်ရှိလာသော မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ မူလနေထိုင်သည့် ကျေးရွာများ၌ အိမ်ရာများပြန်လည်ထူထောင်ကြမည့် အိမ်ထောင်စု ၈၃စု၊ လူဦးရေ ၂၃၃ဦးတို့အား သင်္ဘောပေါ်သို့ သွားရောက်ပြီး ထောက်ပံ့ရေးပစ္စည်းများကို ဝေငှကာ အားပေးစကားများပြောကြားသည်။

ပို့ဆောင်

ဝန်ကြီးသည် အိမ်ထောင်စုများအား မိုးကာများ၊ မတ်ခွက်၊ ကျားဝတ်/မဝတ် ဖလန်နယ်ရှပ်ဖြူ၊ တဘက်၊စောင်၊ ဓာတ်မီး၊ ဖိနပ်၊ မျက်နှာသုတ်ပဝါ၊ ခြင်ထောင်၊ မုန့်မျိုးစုံ၊ မိုးကာစ(ဖြူ/ပြာ)၊ ဆန်စသည်တို့ကို ထောက်ပံ့ပေးခဲ့ပြီး စက်လှေကြီးငါးစင်းဖြင့် ကျွန်းချောင်းကျေးရွာအုပ်စု ကျားချောင်းကျေးရွာ၊ ကျားဟုန်းကျေးရွာအုပ်စု တဲ့တဲ့ကူး၊ လမုတစ်ပင်၊တောင်သလဲကျေးရွာ၊ ကြက်ရာ ကျေးရွာအုပ်စု ညီနောင်ကြီး၊ ညီနောင်ကလေး၊ ကြက်ရာရွာမ၊ ပွဲတန်းကျေးရွာ၊ မြိတ်သာကျေးရွာအုပ်စု မြိတ်သာရွာမ၊ မြိတ်သာရွာဝကျေးရွာ၊ ရှောက်ချောင်းကျေးရွာအုပ်စု လှိုင်းဘုန်းလေး၊ ငွေဇင်ယော်ကျေးရွာတို့သို့ ကျေးရွာသူကျေးရွာသား ၂၃၃ဦးတို့အား ပို့ဆောင်ပေးခဲ့ကြသည်။

နယ်မြေခံ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဇံ ဦးစီးသည့် ကျေးရွာများမှလေဘေးသင့်ပြည်သူ ၂၀၀၀ ကျော်ခန့်အား ဆန်၊ တာပေါလင်စများ၊ အသင့်ချပ်ပြီးမိုးကာစများ၊ အဝတ်အထည်၊ စားသောက်ဖွယ်ရာများ၊ ထိုင်းနိုင်ငံလုပ် အမယ်စုံအိတ်၊ ကြက်ခြေနီလက်ဆွဲအိတ်၊ စည်သွတ်ဘူးများ၊ စက်သုံးဆီအစရှိသည့် ပြည်တွင်းနှင့် နိုင်ငံတကာမှ ထောက်ပံ့သော ထောက်ပံ့ရေးပစ္စည်းများကို ကျေးရွာသူကျေးရွာသားများလက်အရောက်ဖြန့်ဝေပေးသည်။

ဆေးဝါးကုသ

ထို့နောက် တိုကျိုပိုက်ကုမ္ပဏီမှ လှူဒါန်းသော ကီလိုဝပ် ၁၀၀၀ မီးစက်နှစ်လုံးကို ကျွန်းချောင်းကျေးရွာ အင်ကြင်းတစ်ထောင် ဘုန်းတော်ကြီးကျောင်းနှင့် နတ်မှူးကျေးရွာ ဇောမိတထောင်ဘုန်းတော်ကြီးကျောင်း တို့သို့ လှူဒါန်းခဲ့သည်။ ထို့အပြင် အထူးကုဆရာဝန်ကြီးများအဖွဲ့က ရတနာကြည် နှစ်ထပ်သင်္ဘောကြီးပေါ်၌ ပြီး အရေးကြီးလူနာ ၇၀ကျော်တို့အား ဆေးဝါးကုသပေးခဲ့ကြသည်။

မြောက်ဥက္ကလာပ ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးဒေါက်တာမင်းဟန်သာနှင့် ဒေါက်တာမင်းအေးဦးစီး ကျန်းမာရေးအဖွဲ့သည် ပြည်တွင်းပြည်ပ အလှူရှင်များမှ ထောက်ပံ့လှူဒါန်းခဲ့သည့် အစားအသောက်၊ အဝတ်အထည်များ၊ စောင်များ၊ မိုးကာစများ၊ မိုးကာတဲများ၊ ခြင်ထောင်များ၊ စည်သွတ်ဘူးများ၊ သံ၊ ဆန်နှင့် စက်သုံးဆီ စုစုပေါင်း တန်၁၀၀ ကျော်ကို ရွှေမြိုင်အောင်နှစ်ထပ်သင်္ဘောကြီးဖြင့် တင်ဆောင်ကာ မေ၁၈ရက် နံနက်ပိုင်းတွင် မြိတ်သာရွာမကျေးရွာသို့ ရောက်ရှိခဲ့ကြသည်။

လက်ရောက်ဖြန့်ဝေ

ထို့နောက် မြိတ်သာရွာမကျေးရွာ၌ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများနှင့်ပူးပေါင်း၍ မြိတ်သာရွာမကျေးရွာ အုပ်စုအတွင်းရှိ လေဘေးသင့်ပြည်သူ



ထောက်ပံ့ရေးပစ္စည်းများဝေငှ

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မော်လမြိုင်ကျွန်းမြို့ ဆိပ်ကမ်း၌ ဝါးခယ်မမြို့ ကယ်ဆယ်ရေးစခန်းမှပြန်လည်ရောက်ရှိလာသော မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ မူလနေထိုင်သည့်ကျေးရွာများတွင် အိမ်ရာများ ပြန်လည်ထူထောင်ကြမည့် အိမ်ထောင်စုများအား ထောက်ပံ့ရေးပစ္စည်းများဝေငှပေးစဉ်။ (သတင်းစဉ်)

နယ်မြေခံတပ်နှင့် လူမှုရေးအသင်းအဖွဲ့များသည် မူလနေထိုင်ရာ ကျေးရွာများရှိ အိမ်နေရာများ၌ ယာယီ မိုးကာတဲများ တည်ဆောက်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်းနှင့် လိုအပ်သည့် အားပေးကူညီစောင့်ရှောက်မှုများပြုလုပ်ပေးကာ ရိက္ခာများကိုဆက်လက် ထောက်ပံ့ပေးလျက်ရှိသည်။

တင်ဆောင်

မေ ၁၈ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ ပဲခူးတိုင်း ၄က်ဖျားအထူးကုဆရာဝန်ကြီး ဒေါက်တာထွန်းမင်းဦးစီးသော ကျန်းမာရေးအဖွဲ့များလိုက်ပါ၍ ပြည်တွင်း ပြည်ပ အလှူရှင်များမှ ထောက်ပံ့လှူဒါန်းခဲ့သည့် အစားအသောက်၊ အဝတ်အထည်များ၊ စောင်များ၊ မိုးကာစများ၊ မိုးကာတဲများ၊ ခြင်ထောင်များ၊ စည်သွတ်ဘူးများ၊ သံ၊ ဆန်နှင့်စက်သုံးဆီစုစုပေါင်း တန် ၁၀၀ ကျော်တို့ကို ရတနာကြည်နှစ်ထပ်သင်္ဘောကြီးဖြင့် တင်ဆောင်ကာ ရှောက်ချောင်းကျေးရွာအုပ်စု ငွေဇင်ယော်ကျေးရွာသို့ နံနက် ၁၀ နာရီခွဲတွင်ရောက်ရှိသည်။

ဆက်လက်၍ ငွေဇင်ယော်ကျေးရွာ၌ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဇံဦးစီး၍ နယ်မြေခံတပ်ရင်းနှင့် ပူးပေါင်းပြီး ရှောက်ချောင်းကျေးရွာအုပ်စုရှိ အရေးကြီးလူနာ ၃၄ ဦး တို့အား ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးဦးစိုးတင့်ဦးစီးအဖွဲ့သည် ရတနာကြည် နှစ်ထပ်သင်္ဘောကြီးဖြင့် ရှောက်ချောင်းကျေးရွာအုပ်စု ငါးတန်တစ်ရာကျေးရွာ၌ အနီးအနားကျေးရွာများမှ လေဘေးသင့်ပြည်သူ ၂၀၀၀ ကျော်ခန့်အား ဆန်၊ အသင့်ချပ်ပြီး မိုးကာစများ၊ စားသောက်ဖွယ်ပစ္စည်းများ၊ အဝတ်အထည်၊ စောင်၊ ပန်းကန်စုံ၊ သံ၊ ရွက်ဖျင်တဲ၊ ခြင်ထောင်၊ ရေသန့်ပုံး၊ ထိုင်းနိုင်ငံလုပ် အမယ်စုံအိတ်၊ ကြက်ခြေနီလက်ဆွဲအိတ် စသည်တို့ကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ပြည်သူများ လက်အရောက် စနစ်တကျဖြန့်ဖြူးပေးသည်။ ထို့အပြင် အထူးကုဆရာဝန်ကြီးများအဖွဲ့ကလည်း ရတနာကြည် နှစ်ထပ်သင်္ဘောကြီးပေါ်၌ ယာယီဆေးခန်း ဖွင့်လှစ် ၁၈၀၀ခန့်တို့အား ဆန်၊ မိုးကာတဲများ၊ စားသောက်ဖွယ်ရာ၊ အဝတ်အထည်များ၊ စောင်များ၊ အသင့်ချပ်ပြီး မိုးကာစများ၊ ခြင်ထောင်များ၊ စည်သွတ်ဘူးများကို ဖြန့်ဝေပေးပြီး မြိတ်သာရွာမကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လေဘေးသင့် ပြည်သူ၄၅၀ ခန့်တို့အား ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ထောက်ပံ့ရေးပစ္စည်းများကို လက်ရောက် ဖြန့်ဝေပေးသည်။

ထို့အပြင် အထူးကုဆရာဝန်ကြီးများ အဖွဲ့ကလည်း ရွှေမြိုင်အောင်နှစ်ထပ် သင်္ဘောကြီးပေါ်၌ ယာယီဆေးခန်းဖွင့် လှစ်ပြီး အရေးကြီးလူနာ၃၀တို့အား ဆေးဝါး ကုသပေးသည်။

စနစ်တကျဖြန့်ဖြူး

ထို့အတူ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစီးအဖွဲ့သည် ရွှေမြိုင်အောင် နှစ်ထပ်သင်္ဘောကြီး ဖြင့် မြိတ်သာရွာမ ကျေးရွာအုပ်စု မြိတ်သာရွာဝကျေးရွာသို့ ရောက်ရှိပြီး လေဘေးသင့်ပြည်သူ ၃၀၀၀ ကျော်ခန့်တို့အား ဆန်၊ အသင့်ချပ်ပြီး မိုးကာစများ၊ စားသောက်ဖွယ်ပစ္စည်းများ၊ အဝတ်အထည်၊ စောင်၊ ပန်းကန်စုံ၊ သံ၊ ရွက်ဖျင် တဲ၊ ခြင်ထောင်၊ ရေသန့်ပုံး၊ ထိုင်းနိုင်ငံလုပ် အမယ်စုံအိတ်၊ ကြက်ခြေနီလက်ဆွဲအိတ် စသည်တို့ကို လက်အရောက် စနစ်တကျ ဖြန့်ဖြူးပေးသည်။

ထို့အပြင် တိုကျိုပိုက်ကုမ္ပဏီမှ လှူဒါန်းသော ကီလိုဝပ် ၁၀၀၀ မီးစက်တစ်လုံးကို မြိတ်သာရွာဝ ဘုန်းတော်ကြီးကျောင်းသို့ လှူဒါန်းသည်။

အထူးကုဆရာဝန်ကြီးများအဖွဲ့ကလည်း ရွှေမြိုင်အောင်နှစ်ထပ်သင်္ဘောကြီးပေါ်၌ ယာယီဆေးခန်းဖွင့်လှစ်ပြီး အရေးကြီးလူနာ ၇၀ကျော်တို့အား ဆေးဝါးကုသပေးခြင်း ဆောင်ရွက်သည်။

ပြုပြင်ဆောင်ရွက်ပေး

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း၌ စုစုပေါင်းကျေးရွာ ၅၄ ရွာတို့မှ လေဘေးသင့်ပြည်သူ ၈၂၀၀ ကျော်တို့သည် ဧရာဝတီမြစ်၊ မြင်းကကုန်းမြစ်နှင့် မြစ်လက်တက်များရှိ မိမိတို့၏ မူလကျေးရွာများ၌ နိုင်ငံတော်နှင့် ပြည်တွင်းပြည်ပ စေတနာရှင်များမှ ထောက်ပံ့ပေးသည့် မိုးကာတဲ၊ တာပေါလင်၊ ရွက်ဖျင်တဲများ အသုံးပြု၍ နေအိမ်များကို ပြန်လည်ဆောက်လုပ်နေထိုင်လျက်ရှိကြကာ သောက်သုံးရေအတွက် ကွန်ကရစ်မိုးရေလှောင် Tank များကို ပြန်လည်ပြုပြင် အသုံးပြုခြင်း၊ သောက်သုံးရေကန်များကို ရေစုပ်ထုတ်ပြုပြင်ခြင်းတို့ ဆောင်ရွက်လျက်ရှိကြသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးဒဏ်ခံခဲ့ရသော ကျေးရွာများ၌ လေဘေးသင့်ပြည်သူများသည် မူလဒေသကျေးရွာများသို့ ပြန်လည်သွားရောက်နေထိုင်ပြီး ယာယီနေအိမ်များ ဆောက်လုပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများကို မြို့နယ် သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးကော်မတီ၊ နယ်မြေခံတပ်ရင်းများ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ လိုအပ်သော အစားအသောက်၊ အဝတ်အထည်၊ မိုးကာစ၊ မိုးကာတဲနှင့် အသုံးအဆောင်ပစ္စည်းများကို နှစ်ထပ်သင်္ဘောကြီးများ၊ စက်လှေကြီးများဖြင့် မပြတ်ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှဲပြောင်းပေးအပ်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံ မလေးရှားနိုင်ငံအစိုးရက မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာတစ်သန်းတန် ဘဏ်ငွေလွှဲလွှာတစ်စောင်ကို မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာရှုစ်ရာတင်က လွှဲပြောင်းပေးအပ်စဉ်။ (နိုင်ငံခြားရေး)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း စင်ကာပူမှပြန်လည်ရောက်ရှိ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးတက်ရောက်ခဲ့

နေပြည်တော် မေ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် မေ ၁၉ရက်တွင် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည် မေ ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် စင်ကာပူသမ္မတနိုင်ငံ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ လုပ်ငန်းသဘော နေ့လယ်စာ စားပွဲသို့ တက်ရောက်ခဲ့ပြီး အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ၏ အထူးအစည်းအဝေးတွင် ဆွေးနွေးမည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍ အလွတ်သဘော ဆွေးနွေးကြသည်။

ရှင်းလင်းပြောကြား

ထို့အပြင် ဝန်ကြီးဦးဉာဏ်ဝင်းက မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများနှင့် နိုင်ငံတကာမှ အကူအညီ လိုအပ်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

သဘောတူ

ထို့နောက် ဝန်ကြီးဦးဉာဏ်ဝင်းသည် မွန်းလွဲ ၂နာရီခွဲတွင် ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီး များ၏ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ယင်းအထူးအစည်းအဝေးတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် မြန်မာပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများ ပိုမိုချောမွေ့မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် အာဆီယံပူးပေါင်းဆောင်ရွက်ရေး ယန္တရားတစ်ရပ်ထူထောင်နိုင်ရေးကိစ္စကိုလည်းကောင်း၊ နိုင်ငံတကာ အကူအညီပေးမည့် နိုင်ငံများနှင့်အဖွဲ့အစည်းများက မြန်မာနိုင်ငံရှိ လေဘေးသင့်ပြည်သူများအား အကူအညီပေးရေး ကတိကဝတ်ပြုမည့် ညီလာခံတစ်ရပ်ကို ရန်ကုန်မြို့၌ ကျင်းပရေးကိစ္စကိုလည်းကောင်း၊ အာဆီယံနိုင်ငံများက ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ မြန်မာနိုင်ငံသို့ လာရောက်ကူညီရေး ကိစ္စကိုလည်းကောင်း ဆွေးနွေးသဘောတူခဲ့ကြသည်။

အဆိုပါ အထူးအစည်းအဝေးတွင် ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌက ကြေညာချက်တစ်ရပ်ကိုလည်း ထုတ်ပြန်ခဲ့သည်။

အထူးအစည်းအဝေး အပြီးတွင် ဝန်ကြီးဦးဉာဏ်ဝင်းသည် အာဆီယံအမြဲတမ်းကော်မတီ ဥက္ကဋ္ဌ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျော့ချ်ယိုးက ဦးဆောင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသို့လည်း တက်ရောက်ခဲ့သည်။

ကြိုတင်ညှိနှိုင်း

ဝန်ကြီးဦးဉာဏ်ဝင်းသည် စင်ကာပူသမ္မတနိုင်ငံ၌ မေ ၁၉ရက် နံနက် ၈နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ထောင်လွန်းဆီဆူလစ်နှင့်လည်းကောင်း၊ နံနက် ၈နာရီ ၄၅မိနစ်တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာနိုပိုဒွန်ပထမနှင့်လည်းကောင်း၊ နံနက် ၁၀နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဖန်ဇားဂီယမ်နှင့် လည်းကောင်း သီးခြားစီ တွေ့ဆုံခဲ့ပြီး အထူး အစည်းအဝေးတွင် ဆွေးနွေးမည့် ကိစ္စရပ်များအပေါ် ကြိုတင်ညှိနှိုင်းဆွေးနွေးခဲ့သည်။

လက်မှတ်ရေးထိုး

ဝန်ကြီးဦးဉာဏ်ဝင်းသည် နံနက် ၉နာရီတွင် ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံ ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးဆိုင်ရာ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာနိုပိုဒွန်ပထမနှင့် အတူ တက်ရောက်ကာ လက်မှတ်ရေးထိုးခဲ့ကြသည်။

ကူညီငွေလက်ခံ

ထို့နောက် ဝန်ကြီးဦးဉာဏ်ဝင်းသည် ညနေ ၄နာရီ ၄၅မိနစ်တွင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာရှုစ်ရာတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မလေးရှားနိုင်ငံအစိုးရက နာဂစ်လေဘေးဒဏ်သင့် မြန်မာပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ကူညီငွေပေးအပ်သည့် အမေရိကန်ဒေါ်လာတစ်သန်းတန် ဘဏ်ငွေလွှဲလွှာတစ်စောင်ကို မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံမှ လက်ခံခဲ့သည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၀

ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခံရသော ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အဆိုပါ အလှူရှင်များမှာ တိပိဋကရေ ဆရာတော်များဦးဆောင်သော မင်းကွန်း တိပိဋကနိကာယ သာသနာပြုပဗ္ဗာကအဖွဲ့က ငွေကျပ်သိန်း ၁၀၀၊ ဦးစိုးလှိုင်နှင့် ဒေါ်ကြည်ကြည်အေး(သုံးခွသမဝါယမဦးစီးဌာန)တို့က ငွေကျပ် ၁၅၀၀၀၀၊ ဦးသန်းဝင်း(ခ) ဦးမြတ်သူနှင့် ဒေါ်လှလှရင် မိသားစု(ပိတောက်သစ် ဆောက်လုပ်ရေး လုပ်ငန်း)က ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင်နှင့် ဒေါ်ယဉ်ဆွေ၊ သမီးစိုးစိုးသင်း မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးမိုးဆန်းနှင့်ဒေါ်စိန်စိန်ဦးတို့က ငွေကျပ်တစ်သိန်း၊ ဦးမြခဲ(ခ)ဦးနိုင်ညွန့်နှင့် ဒေါ်ဝင်းသိန်း၊ သားအောင်အောင်ဦး (မြန်မာ့လက်ရွေးစင်ဂိုး) မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးဝင်းဗိုလ်နှင့် ဒေါ်ချိုချိုဝင်း(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းတရားရုံး)၊ သား မောင်ဝေယံဦးဗိုလ် တို့က ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင်နှင့် ဒေါ်ခင်တုတ်(သမာဓိကတ္တားမိသားစု)က ငွေကျပ်သုံးသောင်း၊ မကွေးတိုင်းမှ စေတနာရှင်ပြည်သူများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များက ပထမအကြိမ် လှူဒါန်းငွေကျပ်သိန်း ၄၀၀၊ ဗုံကျုံးကျောင်းသားဟောင်းသာရေး၊ နာရေးအဖွဲ့နှင့် သရုပ်ဆောင်ဇော်ရဲထက်၊ ညီကျော်စွာထွဋ်ညွန့် တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးအောင်မြင့်(မန်နေဂျာ၊ ငြိမ်း)နှင့် ဒေါ်ခင်အေးမူမိသားစုက ငွေကျပ်ငါးသောင်း၊ ဒေါ်ဆွေမွန်အောင်(ကြီး/မှူး၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ ခေတ္တထိုင်းနိုင်ငံ)က ငွေကျပ်တစ်သိန်း၊ မြန်မာ့အန္တရပဟိန္ဒူသာရေး နာရေးအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ ဦးဗိုလ်နီ(သံအမတ်ကြီး၊ ငြိမ်း) ဥက္ကဋ္ဌ YMBA ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက ငွေကျပ်သိန်း ၁၀၀၊ ဦးစိုးညွန့်နှင့် ဒေါ်ခင်ကြည်(ကြာညိုပန်းမိသားစု)က ငွေကျပ်သုံးသိန်း၊ ဒေါ်အေးကြည်(ဝင်းသိဒ္ဓိဓာတ်ပုံတိုက်)က ငွေကျပ်တစ်သောင်း၊ ဦးငွေအောင်နှင့်ဒေါ်စန်းစန်းမြင့် မိသားစုက ငွေကျပ်နှစ်သိန်း၊ တိုင်းရင်း သားစည်းလုံးညီညွတ်ရေးပါတီက ငွေကျပ် သိန်း၅၀၊ ဦးမြင့်ဆွေနှင့်ဒေါ်ကြည်မိသားစုနှင့် နှစ်ဖက်မိဘများအားအမှူးထား၍ ဦးကြည်ဇော်နှင့် ဒေါက်တာသက်သက်ထွန်း (ပုသိမ်တက္ကသိုလ်)၊ သား မောင်ထွန်းလင်းခန့်၊ မောင်ညီမင်းဝေယံမိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးဖြိုးနိုင်ငွေနှင့် ဒေါ်ပွင့်လွှာစိုး၊ သား မောင်ဉာဏ်စိုးစံ ရက်(၁၀၀)ပြည့်မွေးနေ့အလှူက ငွေကျပ်သုံးသိန်း၊ ဗိုလ်မှူးစိန်ပန်း(ငြိမ်း)နှင့် ဒေါ်လှလှငွေမိသားစုက ငွေကျပ်တစ်သိန်း၊ ဒုတိယ ဗိုလ်မှူးကြီး ဇော်ဝိတ်(ငြိမ်း)နှင့် ဒေါ်နန်းခင်ရီမိသားစု၊ ဦးဝင်းသန်းမိသားစုနှင့် ဦးနေမျိုးအောင်မိသားစုတို့က ငွေကျပ် ငါးသောင်းစီ၊ ရွှေနေချုပ်ဦးအေးမောင်နှင့် ဒေါ်ခင်မြမြတို့အားအမှူးထား၍ ရွှေနေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့် မိသားစုတို့က ငွေကျပ် ၃၂သိန်း၊ မိခင်ကြီးဒေါ်မြကြည်၏(၉၁)နှစ်ပြည့်မွေးနေ့ကိုရည်စူး၍ ဒေါ်မြကြည်၊ သားပါမောက္ခဒေါက်တာဌေးလှိုင်စိုး၊ ဒေါက်တာမြင့်ကြိုင်စိုးနှင့် ဒေါ်ဝေဝေသန်း မိသားစုက ငွေကျပ်နှစ်သိန်း၊ သားသား မောင်ကောင်းသန့်(၅)နှစ်ပြည့်မွေးနေ့အလှူက ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးကြီး ဒေါက်တာလှဘူး(ငြိမ်း)နှင့်(ဒေါ်မူမူ)မိသားစုက ငွေကျပ်သုံးသိန်း၊ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိ မြန်မာစစ်သံရုံးမှ ဒုတိယအရာခံဗိုလ်လှိုင်ဝင်းက အမေရိကန် ဒေါ်လာ၁၀၀၊ ဟန္နိုင်းမြို့ရှိ မြန်မာစစ်သံရုံးမှ တပ်ကြပ်ကြီးစာရေးစိုးသိန်းက အမေရိကန်ဒေါ်လာ ၃၀၀၊ ဟန္နိုင်းမြို့ရှိ မြန်မာစစ်သံရုံးမှ တပ်ကြပ်ကြီးစာရေး အောင်ဆန်းဝင်းက အမေရိကန်ဒေါ်လာ၂၀၀နှင့် China Non-Ferrous Metal Mining (Group)Co.,Ltd. က အမေရိကန်ဒေါ်လာ တစ်သိန်း တို့ဖြစ်သည်။

ယနေ့တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ်၇၃၂သိန်း လေးသောင်းနှင့် အမေရိကန်ဒေါ်လာ ၁၀၀၆၀၀တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းသင့်ပြည်သူများအတွက် China Non-Ferrous Metal Mining (Group)Co.,Ltd.မှဌာနေကိုယ်စားလှယ် Mr.Li Hong Yuanက အမေရိကန်ဒေါ်လာတစ်သိန်း ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရွှေပြည်သာမြို့နယ်ရှိ စက်မှုဇုန်(၁) ဓာတ်အားခွဲရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၂ လျှပ်စစ်)

ရွှေပြည်သာနှင့်မင်္ဂလာဒုံမြို့နယ်ရှိ ဓာတ်အားခွဲရုံများ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၀

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၁၉ရက်တွင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ်ရှိ စက်မှုဇုန်(၁) ဓာတ်အားခွဲရုံ၌ စက်မှုဇုန်လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများအားတွေ့ဆုံပြီး စက်မှုဇုန်(၁) ဓာတ်အားခွဲရုံသို့ ဓာတ်အားအဝင်လက်ခံရရှိမှုနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် လှော်ကားဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ခွဲရုံခန်းမ၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက ဓာတ်အားလိုင်း တည်ဆောက်ခြင်းနှင့် ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်သို့ သွယ်တန်းသည့် ၁၄မိုင်ခွဲရုံ(မင်္ဂလာဒုံ)မှ ပျဉ်းမပင်စက်မှုဇုန်ဓာတ်အားခွဲရုံ 33KV ဓာတ်အားလိုင်းတိုင်ကိုးတိုင်အသစ် အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးခဲ့

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ် လှိုင်သာယာ-ညောင်တုန်း 33KV ဓာတ်အားလိုင်းတစ်လျှောက် လျှပ်စစ်ကျွမ်းကျင်လုပ်သားများဖြင့် တိုင်ထူ/ကြိုးဆွဲခြင်းလုပ်ငန်းများ တည်ဆောက်နေမှု၊ ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ ကျိုက္ကဆံ ဓာတ်အားခွဲရုံနှင့် ကုက္ကိုင်း(စက်မှု-၁) ဓာတ်အားခွဲရုံသို့ ချိတ်ဆက်သွယ်တန်းသည့် 33KV ဓာတ်အားလိုင်းတိုင်များ အသစ်ပြန်လည်စိုက်ထူခြင်းနှင့် ဓာတ်အားလိုင်းဆွဲခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကမ္ဘာအေးစေတီလမ်းတစ်လျှောက် စိန်ပန်းမြိုင်ခွဲရုံမှ တောင်ကမ္ဘာအေးဖီဒါ 33KV ဓာတ်အားလိုင်းတို့တွင် ဓာတ်အားလိုင်းတိုင်များ အသစ်ပြန်လည်တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းများ ချိတ်ဆက်သွယ်တန်းခြင်းလုပ်ငန်းများကို ယာဉ်၊ စက်ယန္တရားများအသုံးပြု၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်တန်းမြို့နယ် လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် သင်္ကန်းများလှူဒါန်း

ရန်ကုန် မေ ၂၀

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ယနေ့နံနက်ပိုင်းတွင် ကျောက်တန်းမြို့ မင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ ဆရာတော် ဘဒ္ဒန္တဇာဂရအား ဖူးမြော်ကြည်ညိုပြီး ကျောက်တန်းမြို့နယ်ရှိ လေဘေးသင့် ဘုန်းတော်ကြီးကျောင်း ၁၀၃ကျောင်းအတွက် သင်္ကန်းဒွိစုံ ၂၀၆စုံကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက်ဝန်ကြီးသည် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်သင့်ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၂၀

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ အမေရိကန်ပြည်ထောင်စုမှ စောင်များ၊ နိုင်လွန်ကြိုးများ၊ ပလတ်စတစ်အခင်းများ၊ ရေပုံးများ၊ အိမ်ရိုက်သံများ၊ ရေထည့်ဘူးများ၊ အထပ်သားများ၊ အစားအစာများ စုစုပေါင်း ၄၂တန်ကျော်သည့် C-130 လေယာဉ်ငါးစင်းဖြင့် ယနေ့နံနက် ၈နာရီ ၃၅မိနစ်၊ ၉နာရီခွဲ၊ ၉နာရီ ၃၅မိနစ်၊ ညနေ ၃နာရီ ၃၅မိနစ်နှင့် ၄နာရီ ၁၅မိနစ် တို့တွင်လည်းကောင်း၊ ဒိန်းမတ်နိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)မှ ဆေးနှင့်ဆေးရုံသုံးပစ္စည်းများ စုစုပေါင်း ၁၆တန်ကျော်သည့် AN-12 လေယာဉ်ဖြင့် နံနက် ၈နာရီ မိနစ် ၄၀တွင်လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံမှ ခြင်ထောင်များ စုစုပေါင်း လေးတန်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့(IFRC)မှ ကယ်ဆယ်ရေးပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများ စုစုပေါင်း ၆ ဒသမ ၆၈တန်၊ အပြည်ပြည်ဆိုင်ရာကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)မှ ရေသန့်ဆေးပြား ၀ ဒသမ ၄၈တန်နှင့်ကိုရီးယားသမ္မတနိုင်ငံ ကြက်ခြေနီအဖွဲ့မှ ကျန်းမာရေးသုံးပစ္စည်း စုစုပေါင်းသုံးတန်တို့သည် TG-303 လေယာဉ်ဖြင့် နံနက် ၉နာရီ ၅မိနစ်တွင်လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ လာအိုဆေးအကာအကွယ်ပေးရေးအဖွဲ့များအတွက် ပေးပို့သော ဆေးမျိုးစုံသုံးတန်သည် Y 7-100C လေယာဉ်ဖြင့် နံနက် ၁၀နာရီခွဲတွင်လည်းကောင်း၊ Baiyoke Hotel Group မှထောက်ပံ့ရေးပစ္စည်း ၁၁၁ထုပ်သည် MAI လေယာဉ်ဖြင့် နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ Save The Children (UK) အဖွဲ့မှ တာပေါ်လင်များ၊ ခြင်ထောင်များ၊ ရေပုံးများ၊ အိမ်ဆောက်ပစ္စည်းများ စုစုပေါင်း ၃၉တန်သည် DC-8 လေယာဉ်ဖြင့် မွန်းလွဲ ၁နာရီတွင်လည်းကောင်း၊ ဖင်လန်နိုင်ငံ ကြက်ခြေနီအဖွဲ့မှ တာပေါ်လင်များ၊ ရွက်ဖျင်တဲနှင့်ဆက်စပ်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စုစုပေါင်း တန်၄၀ကျော်သည့် IL-76 လေယာဉ်ဖြင့် မွန်းလွဲ ၁နာရီ မိနစ် ၂၀တွင်လည်းကောင်း၊ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) မှ ဘီစကွတ်တန် ၄၀သည် IL-76 လေယာဉ်ဖြင့် မွန်းလွဲ ၁နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ စပိန်နိုင်ငံ ကြက်ခြေနီအဖွဲ့မှ တာပေါ်လင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများ စုစုပေါင်း ၁၄ဒသမ ၅၂တန်သည် AN-12 လေယာဉ်ဖြင့် မွန်းလွဲ ၂နာရီ မိနစ် ၄၀တွင်လည်းကောင်း၊ နယ်သာလန်နိုင်ငံ ကြက်ခြေနီအဖွဲ့မှ တစ်ကိုယ်ရေသုံးကျန်းမာရေးပစ္စည်း စုစုပေါင်း ၃၅ဒသမ ၈၉တန်သည် DC-8 လေယာဉ်ဖြင့် ညနေ ၃နာရီ မိနစ် ၂၀တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

ရောက်ရှိ

အလားတူ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများမှ စောင်များ၊ ခြင်ထောင်များ၊ မျက်နှာသုတ်ပဝါများ စုစုပေါင်း ၂ဒသမ ၉တန်သည် PG-701 လေယာဉ်ဖြင့်လည်းကောင်း၊ စင်ကာပူနိုင်ငံ ကြက်ခြေနီအဖွဲ့မှ ဆေးဝါးမျိုးစုံ စုစုပေါင်း ခြောက်တန်ကျော်သည် MI-518 လေယာဉ်ဖြင့် လည်းကောင်း မေ ၁၉ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။

ချက်ချင်းဖြန့်ဝေပေးပို့

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျလက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ခေါက်ဆွဲခြောက်ထုပ်များလှူဒါန်း

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့ရှိ Orange Supermarket က မေ ၁၀ ရက်၊ ၁၁ရက်နှင့် ၁၂ရက်တို့တွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်အတွင်းရှိ ပန်းလှိုင်ရပ်ကွက်နှင့် မရမ်းကုန်းမြို့နယ်အတွင်းရှိ လေဘေးသင့် ရပ်ကွက်များသို့လည်းကောင်း၊ မေ၁၄ရက်တွင် သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ ၈/တောင်ရပ်ကွက်သို့လည်းကောင်း လေဘေးသင့်ပြည်သူများထံ ခေါက်ဆွဲခြောက် အထုပ်ပေါင်း တစ်သောင်းကျော်ကို သွားရောက်ပေးအပ်လှူဒါန်းသည်။ ထို့အပြင် ရန်ကုန်မြို့ရှိ Orange Supermarket ဆိုင်ခွဲများ၌လည်း စေတနာရှင်များ ပါဝင်လှူဒါန်းနိုင်ရန် စီစဉ်ထားရှိပြီး ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ ထောက်ပံ့ပစ္စည်းများကို သွားရောက်လှူဒါန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တွေ့ဆုံ အားပေးစကားပြောကြား

ရန်ကုန် မေ ၂၀

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ဆန်နှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၁၁နာရီ ၁၅မိနစ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် ဖလမ်းထိပ်ရှိ သတ္တမ ဗျူဟာမွေ့ရုံ၌ ပုသိမ်ညွန့်ရပ်ကွက်၊ ကူးတို့ဆိပ်ရပ်ကွက်နှင့် မလွှကုန်းရပ်ကွက် စသည့် ရပ်ကွက်သုံးခုတို့မှ လေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆန်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကာ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ စက်ဆန်းရပ်ကွက်၊ ကျည်တော်ရပ်ကွက်နှင့် တောင်လုံးပြန်ရပ်ကွက်စသည့် ရပ်ကွက်သုံးခုတို့မှ လေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ဆန်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထောက်ပံ့ပေးအပ်

ထိုမှတစ်ဆင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၁နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် ရေတွင်းကုန်းမွေ့ရုံကြီး၌ ရေတွင်းကုန်းရပ်ကွက်၊ သပြေကုန်းရပ်ကွက်၊ သာယာကုန်းရပ်ကွက်နှင့် တောင်ညွန့်ကြီးရပ်ကွက် စသည့် ရပ်ကွက်လေးခုတို့မှ လေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆန်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ရှင်းလင်းပြောကြား

မင်္ဂလာတောင်ညွန့် မြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာနိုင်ငံအတွင်း မုန်တိုင်းဒဏ် ခံခဲ့ရသည့် ဒေသများ၌ နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များပူးပေါင်း၍ ရှင်းလင်းရေး၊ ပြန်လည်တည်ဆောက်ရေး၊ ကူညီထောက်ပံ့ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး စသည့် လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

အားပေးစကားပြော

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၂၀

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင် ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ တပ်မတော်သား မိသားစုများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ်၂၄၂၀၀၀ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်မှ တပ်မတော်သား မိသားစုများနှင့် စေတနာရှင် ပြည်သူများက ငွေကျပ်၁၈၇၄၆၅၀ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်မှ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ်၂၈၁၇၉၀၀နှင့် ငွေကျပ်၇၂၇၅၀၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ်၁၉၄၄၆၅၀၀ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ အဝတ်အထည်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ၊ ရန်ကုန်တိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် သိန်း၂၀၊ စစ်ကိုင်းတိုင်းမှ တပ်မတော်သား မိသားစုများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ်၄၄၂၅၀၀၀၊ မန္တလေးတိုင်းမှ တပ်မတော်သား မိသားစုများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ်၄၂၆၃၂၁၆၆ တန်ဖိုးရှိ ဆန်အိတ် ၃၇၀၊ ရေသန့်၊ စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ ရွက်ဖျင်တဲ ၂၀၀၀ နှင့် သံဃာအသုံးအဆောင်ပစ္စည်းများ၊ မကွေးတိုင်းအတွင်းရှိ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၅၁သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက် လှူဒါန်းငွေကျပ် သိန်း၁၁၀ အပါအဝင် စေတနာရှင် အလှူရှင်များ၏ ယနေ့လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်၉၆၈၁၃၂၁၆ ဖြစ်ပြီး မေ ၂၀ရက်အထိ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်၇၉၅၁၆၆၂၁၇၁ ရှိပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်နောက်ဆက်တွဲသတင်း

စီချွမ်ပြည်နယ်၌လှုပ်ခဲ့သော ငလျင်ကြောင့် သေဆုံးသူ ၄၀၀၇၅ ဦးအထိ ရှိလာ

စီချွမ် မေ ၂၀

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ မေ ၁၂ရက်က လှုပ်ခဲ့သော ငလျင်ကြောင့် သေဆုံးသူစုစုပေါင်း ၄၀၀၇၅ဦးအထိ ရှိသွားပြီဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက မေ ၂၀ရက်တွင် ပြောကြားသည်ကို အင်တာနက်သတင်း၌ ဖော်ပြသည်။

ပျောက်ဆုံး

ယင်းငလျင်လှုပ်ပြီး လူထောင်ပေါင်းများစွာ ပျောက်ဆုံးနေကြောင်း၊ အသက်ရှင်လျက် လူမြောက်မြားစွာ ပြန်တွေ့နိုင်မည်ဟု မျှော်လင့်ရကြောင်း နိုင်ငံတကာ ဆေးဘက်ဆိုင်ရာအဖွဲ့များလည်း စတင်ရောက်ရှိနေကြောင်း ၎င်းက ပြောကြားသည်။

ကယ်တင်ခဲ့

ထိုနေ့က ပျက်စီးပြိုကျနေသော ဓာတ်အားပေးစက်ရုံအောက် အုတ်ပုံများအကြား နာရီပေါင်း ၁၇၉နာရီကြာ ပိတ်မိနေသူတစ်ဦးအား ကယ်ဆယ်ရေးအဖွဲ့က ကယ်တင်နိုင်ခဲ့ကြောင်း၊ ၎င်းအား ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပိုက်ဖြင့် သကြားဖျော်ရည်များ အားအင်ပြည့်ဝစေရန် တိုက်ကျွေးကယ်တင်ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာက ဖော်ပြသည်။

အသက်ရှင်ကျန်ရစ်သူများအား ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဆက်လက်ရှာဖွေနေစဉ်။

မြန်မာ့အလင်း အင်တာနက်အားကစားဖောင်ပိတ်သတင်း

ချန်ပီယံလိဂ်ဗိုလ်လုပွဲ မန်ယူနှင့်ချယ်လ်ဆီး ယနေ့ယှဉ်ပြိုင်မည်

မော်စကို မေ ၂၀

မန်ယူနှင့် ချယ်လ်ဆီးတို့သည် ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ် မေ ၂၁ရက် **(ယနေ့)** (မြန်မာစံတော်ချိန် မေ ၂၂ရက် နံနက် ၁း၁၅နာရီ)တွင် ရုရှားနိုင်ငံ မော်စကိုမြို့ လုဇ်နီကီအားကစားကွင်းကြီး၌ အကြိတ်အနယ်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ချယ်လ်ဆီးအသင်းတွင် ဗဟိုခံစစ်မှူးများဖြစ်ကြသည့် ဂျွန်တယ်ရီ၊ ကာဗယ်ဟိုနှင့် တိုက်စစ်မှူး ဒရော့ဘာတို့ ဒဏ်ရာမှသက်သာလာ၍ ပါဝင်ကစားနိုင်မည်ဟု မျှော်လင့်ရသည်။ သို့သော်လည်း နည်းပြဂရန့်သည် ဝဲတောင်ပံနေရာအတွက် မာလူဒါ သို့မဟုတ် ကာလူးကို ပွဲထုတ်ကစားရမည်ဖြစ်သည်။ အက်ရှ်လေကိုးလ်သည် ဝဲနောက်တန်းကို တာဝန်ယူကစားဖွယ်ရှိသည်။ ထို့အတူ ညာနောက်တန်းကို အက်ဆီယံက တာဝန်ယူကစားနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ရသည်။

အလယ်တန်းတွင် ဂျွန်အိုဘီထက် မက်ခီလီလီ ပါဝင်လာနိုင်သည်။ ဂျိုကိုးလ်က ညာတောင်ပံကစားမည် ဖြစ်သည်။

မန်ယူ

မန်ယူ ဗဟိုခံစစ်မှူး ဗီဒစ် ခေါင်းဒဏ်ရာမှပြန်ကောင်းလာ၍ ပါဝင်ကစားမည်ဖြစ်သည်။ ရိုင်ယန်ဂစ်သည် ယင်းပွဲတွင် ပါဝင်ကစားခွင့်ရခဲ့လျှင် ဆာဘော်ဘီချာလ်တန်၏ မန်ယူအတွက် ပွဲပေါင်း ၇၅၈ ပွဲပါဝင်ကစားပေးခဲ့သည့်စံချိန်ကို ချိုးနိုင်လိမ့်မည်ဖြစ်သည်။ သို့သော်လည်း ၎င်းသည် ပွဲအစတွင် ပါဝင်ကစားဖွယ်မရှိချေ။

ပတ်ဂျီဆန်သည် ပွဲအစတွင် ပါဝင်ရန် အခွင့်အလမ်းအရှိဆုံး ကစားသမားဖြစ်ကြောင်း နည်းပြ ဖာဂူဆန်က ပြောကြားသည်။

နည်းပြဖာဂူဆန်က ဗိုလ်လုပွဲအတွက် ရွေးချယ်ထားသော ကစားသမားများမှာ ဗန်ဒါဆား၊ ကူဇက်၊ ဟီးယာတန်၊ ဘရောင်း၊ အီဗရာ၊ ဖာဒီနန်၊ ဗီဒစ်၊ ဂယ်ရီနဗီးလ်၊ အိုရှီးယား၊ ပီကေး၊ ဆီဗက်စတား၊ အန်ဒါဆင်၊ ဖလက်ချာ၊ ဟားဂရေ့စ်၊ ကာရစ်၊ ပေါလ်စခိုးလ်၊ ရိုင်ယန်ဂစ်၊ နာနီ၊ ပတ်ဂျီဆန်၊ စီရိုနယ်ဒို၊ ရွန်နေ၊ တီဗက်ဇ်၊ ဆာဟာနှင့် ဝဲလ်ဘက်တို့ ဖြစ်ကြသည်။ **(အင်တာနက်)**

စိတ်ဝင်စားဖွယ်သတင်းစုံလင်စွာဖြင့်

ယခုတစ်ပတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မေ ၂၀

"ကူညီအားပေးမည့် မိတ်ဆွေများ သူတို့ရောက်လာကြလေပြီ" လေဘေးသင့်ပြည်သူများကို ပြည်တွင်းစေတနာရှင် အဖွဲ့အစည်းများသာမက နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများလည်း အင်တိုက်အားတိုက် အလုံးအရင်းဖြင့် တဖွဲဖွဲရောက်ရှိလာပြီဖြစ်ရာ ယင်းကူညီဆောင်ရွက်မှုများသည် လေဘေးသင့်ပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကိုပါ အထောက်အကူဖြစ်စေသည့် အချက်များအပေါ် သုံးသပ်တင်ပြချက်များကို အထူးအလေးပေးတင်ဆက်ထားသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၁၉) ယခုတစ်ပတ် ထွက်ရှိလာသည်။

ထို့အပြင် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ပြည်သူများအတွက် တန်ဖိုးနည်းသစ်သားအိမ်ရာများဆောက်ရန် သစ်အချောထည် ကုမ္ပဏီကြီး ၁၀ခုက သစ်အချောထည်များ ထုတ်ပေးမည်၊ ပင်လယ်ကူးသင်္ဘောကြီးများ အဝင်အထွက်အသုံးပြုသည့် ရေလမ်းကြောင်းများအား အကန့်အသတ်ဖြင့် ဆောင်ရွက်လျက်ရှိ၊ ဆိပ်ခံတံတားအားလုံး အသုံးပြုနိုင်ပြီဖြစ်၊ မော်ကျွန်းနှင့်ဘိုကလေးမြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းမှ လေဘေးသင့်ပြည်သူများအား ဝါးခယ်မနှင့် မအူပင် ကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့၊ မုန်တိုင်းကြောင့် ပျက်စီးလယ်ယာများ ပြန်လည်ထူထောင်ရေး အမြန်ဆုံးဆောင်ရွက်မည်၊ နာဂစ်အပြီး သီလဝါဆိပ်ကမ်း ပုံမှန်လည်ပတ်လျက်ရှိ၊ ဘောလုံးပွဲများ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများမှ ဖမ်းယူကြည့်ရှုနိုင်ပြီ၊ မြန်မာနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် ကိုရီးယားထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာမည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **"နာဂစ်မုန်တိုင်းနှင့်အလှူ"**အကြောင်း စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

ဖြန့်ချိ

တရုတ်နိုင်ငံ၏ တစ်ခုတည်းသော စိန်အရောင်းအဝယ်ဒိုင် ကမ္ဘာ့ဦးဆောင်နေရာရည်မှန်း၊ တရုတ်နိုင်ငံ၌ မီဒီယာများအား ငလျင်ကယ်ဆယ်ရေးသတင်းပေးပို့ရာတွင် အကူအညီပေးရန် တိုက်တွန်း၊ အသက် ရှစ်လကတည်းက ရေကူးတတ်တဲ့ ကလေးငယ်တစ်ဦးအကြောင်း၊ တစ္ဆေရုပ်ပုံတော်အုပ်စုများ ရေပန်းစားလာ၊ စိတ်သောကရောက်နေသော ဖခင်ကြောင့် သားသမီးများ ပညာရေးထိခိုက်နိုင်၊ ကမ္ဘာ့ လူအသေအပျောက် အများဆုံး သဘာဝဘေးအန္တရာယ်များ၊ **"ဆေးထိုးကွပ်မျက်မှု ပြန်လည်စတင်"** နိုင်ငံတကာမှုခင်းရေးရာ၊ **"ပြောရဦးမယ် သူတို့ကဒီလိုတဲ့"** နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍသစ် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(က-ပ)**

လေဘေးကယ်ဆယ်ရေး အလှူငွေများပေးအပ်

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုရန် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးချုပ် အခြေစိုက်စခန်းများ၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ထမ်းမိသားစုများ၏ စုပေါင်း လှူဒါန်းငွေကျပ် ၅၇သိန်းကျော်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ ကွန်ပျူတာပညာရှင်များအသင်း၊ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းနှင့် အိုင်စီတီကုမ္ပဏီများမှ စုပေါင်း လှူဒါန်းငွေကျပ် ၁၁၅သိန်း၊ စုစုပေါင်း ငွေကျပ်၁၇၂သိန်းကျော်ကို မေ ၂၀ရက်က ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတို

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် စပိန်နိုင်ငံ ကြက်ခြေနီအဖွဲ့မှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။ (သတင်းစဉ်)

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ဗြိတိန်နိုင်ငံရှိ Save The Children(UK) အဖွဲ့မှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း ဘိုကလေး၊ လပွတ္တာ၊ ဖျာပုံ၊ ကျိုက်လတ်၊ ငပုတောနှင့် ဟိုင်းကြီးကျွန်းမြို့တို့သို့ မရမ်းကုန်းမြို့နယ် အမှတ် ဘုရားလမ်း ကုန်သွယ်ရေးဂိုဒေါင်မှ ထောက်ပံ့ရေးပစ္စည်းများကိုတင်ဆောင်၍ မော်တော်ယာဉ်များထွက်ခွာသွားကြစဉ်။

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့ရှိ လေဘေးသင့် ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ ဆိပ်ကမ်းမြို့နယ် ဝါးတန်းဖောတံတားမှ ရွှေပြည်အောင် သင်္ဘောပေါ်သို့ တင်ဆောင်နေကြစဉ်။

အင်တိုက်အားတိုက်ဆောင်ရွက်၊ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

တောနှင့် ဟိုင်းကြီးကျွန်းမြို့တို့သို့ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်း ဆောင်၍ မော်တော်ယာဉ်များထွက်ခွာသွားကြစဉ်။ (သတင်းစဉ်)

ရောက်ရှိ

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နယ်သာလန်နိုင်ငံ ကြက်ခြေနီအဖွဲ့မှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။ (သတင်းစဉ်)

လေဘေးသင့် မိသားစု

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် လေဘေးကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်မိသားစုများကို တွေ့ရစဉ်။ (သတင်းစဉ်)

ယ်တို့ရှိ လေဘေးသင့် ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပမှ ပေးပို့ထားသော အိမ်မိုးသွပ်ပြားများ၊ စောင်များ၊ အဝတ်အထည်များ၊ ရေသန့်ဘူးများကို ရန်ကုန်မြို့ ပါသို့ တင်ဆောင်နေကြစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံတွင် မုန်တိုင်းတိုက်ခတ်စဉ်က ဒဏ်ရာရရှိခဲ့သူတစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

မြေအုတ်တို့ပြိုလဲရာ၌ ကျောက်အုတ်တို့ဖြင့် အစားထိုးတည်ဆောက်ကြကုန်အံ့ (၂)

(ယမန်နေ့က အဆက်)

သို့သော်…သို့သော်ပေါ့ဗျာ။ ဆက်ပြီးပြောရရင် နာဂစ်မုန်တိုင်းထက်ဆိုးတဲ့ မုန်တိုင်းတွေက ကျွန်တော်တို့နိုင်ငံကို ဗဟိုပြုပြီး တစ်မျိုးပြီးတစ်မျိုးမရိုးရအောင် တိုက်ခတ်နေတာကလည်း ဆုံးပဲမဆုံးနိုင်တော့ဘူးလို့ ပြောရမှာပါပဲ။ အဲဒီမုန်တိုင်းတွေကတော့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူအပေါ် မလိုမုန်းထားတဲ့ အနောက်နိုင်ငံအချို့နဲ့ ပြည်တွင်းပြည်ပ ပုဆိန်ရိုးသစ္စာဖောက် အုပ်စုတွေ ပူးပေါင်းဖန်ဆင်း အသက်သွင်းနေတဲ့ မစ္ဆရိယမုန်တိုင်း၊ အမနာပ မုန်တိုင်းနဲ့ ကောလာဟလမုန်တိုင်းတွေပါပဲလို့ ကျွန်တော်ဆိုချင်ပါတယ်။

ကျွန်တော်တို့ဆီမှာ ဒီလောက်အထိ စွမ်းအားရှိသမျှ သက်စွန့်ကြိုးပမ်းဆင်းရဲ ပင်ပန်းခံပြီး အရေးပေါ်ကယ်ဆယ်ကူညီစောင့်ရှောက်မှုတွေ လုပ်နေပါလျက်နဲ့ ပြည်တွင်းပြည်ပ အဖျက်အုပ်စုတွေက ပြစ်တင်ဝေဖန်မှုတွေ၊ လုပ်ကြံစွပ်စွဲမှုတွေ၊ သပ်လျှိုဖြိုခွဲမှုတွေ အပြင်းအထန်ကို လုပ်နေကြပါတယ်။ ရေနစ်သူဝါးကူထိုးတယ် ပြောရမလား၊ တစ်ပူပေါ် နှစ်ပူဆင့်အောင် အခွင့်ကောင်းယူတယ်ဆိုရမလား မပြောတတ်တော့ပါဘူး။ ဘာပဲဖြစ်ဖြစ် နာဂစ်မုန်တိုင်းဒဏ်ကို ဆိုးရွားပြင်းထန်စွာ ခံစားရပြီးနောက်မှာ မုန်တိုင်းအလွန် ကာလကို တည်ငြိမ်မှုပျက်ယွင်းစေတာတော့ အမှန်ပါပဲ။

မြန်မာနိုင်ငံမှာ ကုန်ပစ္စည်းတွေ ပြတ်လပ်တော့မယ်၊ ကုန်စည်စီးဆင်းမှု ပြတ်တောက်သွားပြီ၊ လမ်းတွေပြန်ဖွင့်ဖို့ အချိန်အကြာကြီး ယူရဦးမယ်။ မြစ်ဝကျွန်းပေါ်နဲ့ ရန်ကုန်က လယ်မြေတွေအားလုံး ပျက်စီးသွားလို့ ဆန်ရှားတော့မယ်။ စားသုံးမှုဖူလုံမှာမဟုတ်ဘူး။ နောက်ထပ်မုန်တိုင်းတစ်ခု ဦးတည်လာနေပြန်ပြီ။ ကုန်သေတ္တာသင်္ဘောတွေ ဆိပ်ကမ်းကပ်လို့မရဘူး စတဲ့ ပြည်ပသတင်းဌာနအချို့ရဲ့ခြောက်လုံး၊လှန့်လုံး ကောလာဟလမုန်တိုင်းက Non-Stop ပါပဲ။ ဒါတင်ဘယ်ကဦးမလဲ၊ မြန်မာအစိုးရက နိုင်ငံတကာ အကူအညီတွေကို လက်ခံဖို့ တွန့်ဆုတ်နေပါတယ်။ ထောက်ပံ့ရေးပစ္စည်းတွေ အပြည့်တင်ဆောင်လာတဲ့ အမေရိကန်နဲ့ ပြင်သစ်စစ်သင်္ဘောတွေကို လက်မခံဘူး၊ နိုင်ငံတကာ ကူညီထောက်ပံ့မှုနဲ့ ကယ်ဆယ်ရေးဆိုင်ရာ ကျွမ်းကျင်သူတွေကို လက်သင့်မခံတဲ့အတွက် မုန်တိုင်းဒဏ်သင့် ဒုက္ခသည်တွေရဲ့အခြေအနေဟာ အလွန်စိုးရိမ်ဖွယ်ဖြစ်နေပါပြီ။ နိုင်ငံတကာအထောက်အပံ့တွေကို ဒုက္ခသည်တွေဆီ မဝေဘဲ တပ်ကပဲယူနေပါတယ်။ ဒုက္ခသည်သုံးပုံတစ်ပုံသာ အထောက်အပံ့ရပြီး ကျန်သုံးပုံနှစ်ပုံက ငတ်ပြီးသေကုန်တော့မယ်။ ဒါကြောင့် လုံခြုံရေးကောင်စီရဲ့ ခွင့်ပြုချက်ယူပြီး အတင်းအကျပ် ဝင်ရောက်မှုတွေ လုပ်သင့်တယ် စသည်ဖြင့် အဓမ္မလမ်းကြောင်းပေါ် အတင်းဆွဲတင်နိုင်ဖို့ မစ္ဆရိယမုန်တိုင်း၊ အမနာပမုန်တိုင်းတွေလည်း အမျိုးမျိုး ပြင်းပြင်းထန်ထန်ကြီးကို တိုက်ခဲ့တာပါ။ တကယ်ကို အကြံပက်စက် ဆန်ကောလောက်မှ ဇောက်မနက်တဲ့ အမျိုးယုတ်တွေပါပဲ။ တာဝန်သိပြည်သူတစ်ယောက်အနေနဲ့ တကယ်ကို ခံပြင်းဖို့ကောင်းလှပါတယ်။

အခုတော့ ပြည်တွင်းရေဒီယို၊ရုပ်မြင်သံကြား၊သတင်းစာတွေကနေ အခြေအမြစ်မဲ့ ကောလာဟလ သတင်းမှားတွေကို မယုံကြည်ကြဖို့နဲ့ သတင်းအမှန်တွေကို စဉ်ဆက်မပြတ် ထုတ်လွှင့်ပြသပေးနေတဲ့အတွက် ယုတ္တိမဲ့ ခြောက်လုံး၊ လှန့်လုံးတွေကို ပြည်သူတွေ သတိပြုရှောင်ရှားနိုင်ကြပါပြီ။ အဖြစ်မှန်၊ အခြေအနေမှန်တွေကို နေ့စဉ်တွေ့မြင်ကြားသိနေရတော့ မဟော်သဓာရဲ့သား တရားစီရင်ခန်းလို ဘယ်သူက မိခင်ရင်း၊ ဘယ်သူက ဘီလူးမဆိုတာ ခွဲခြားနိုင်ခဲ့ပါပြီ။

ကမ္ဘာကျော်လူလိမ်ကြီးတွေ လိမ်နေသမျှကို ပြန်ဖြေနေလို့တော့ ဆုံးမယ်မထင်ပါဘူး။ ဒါပေမယ့် တစ်လိမ်နှစ်လိမ်လောက်တော့ ပြန်ဖြေပြချင်ပါသေးတယ်။ မြန်မာနိုင်ငံအနေနဲ့ မေလ၅ရက်နေ့မှာပဲ ရန်ကုန်မှာရှိတဲ့သံတမန်များနဲ့ UN Agencies ကိုယ်စားလှယ်များကို ဖိတ်ခေါ်ပြီး နိုင်ငံတကာ အကူအညီများကို ဝမ်းမြောက်ဝမ်းသာစွာ လက်ခံရယူပါမယ်လို့ ကမ္ဘာသိ ပြောခဲ့ပြီးဖြစ်ပါတယ်။ ပြောတဲ့အတိုင်းလည်း ဘယ်နိုင်ငံကိုမျှ ခွဲခြားဆက်ဆံမှုမပြုဘဲ နိုင်ငံအားလုံးဆီကနေ ကူညီလှူဒါန်းမှုတွေကို ဝမ်းပန်းတသာ လက်ခံနေတာ ကျွန်တော်တို့အားလုံး အမြင်အသိပါပဲ။ ဒါကြောင့်လည်း ဒီနေ့အထိ အမေရိကန်၊ ရုရှားနဲ့ ဥရောပနိုင်ငံတွေ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားစတဲ့ အရှေ့မြောက်အာရှဒေသနိုင်ငံတွေ၊ တောင်အာရှနဲ့ အရှေ့တောင်အာရှဒေသတွင်း နိုင်ငံတွေစုစုပေါင်း ၂၇ နိုင်ငံဆီကနေ ငွေကြေးနဲ့ပစ္စည်း ကူညီထောက်ပံ့မှုများ လက်ခံရရှိခဲ့တာ ဖြစ်ပါတယ်။ ရရှိသမျှ အထောက်အပံ့တွေကိုလည်း လေယာဉ်ဆိုက်တာနဲ့ ချက်ချင်း ကားဖင်ထိုးပြီးတင်၊ ရဟတ်ယာဉ်ပေါ် ပြောင်းတင်၊ သင်္ဘောတွေပေါ်ပြောင်းတင်ပြီး ချက်ချင်းပို့၊ ချက်ချင်းဝေ လုပ်နေတာကလည်း အားလုံးအမြင်အသိပါပဲ။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေဟာ အယုတ်၊ အလတ်၊ အမြတ်မရွေး ကိုယ်စားမယ့်ထမင်းလုပ်ထဲကသာ ဒုက္ခသည်ကိုမျှပြီး ကျွေးချင်တာပါ။ ဒုက္ခသည်စားမယ့်ထမင်းလုပ်ကို လုစားရလောက်အောင် အောက်တန်းကျတဲ့သူ တစ်ယောက်မှမရှိဘူးဆိုတာလည်း သိအောင် ပြောလိုက်ချင်ပါတယ်။

မုန်တိုင်းကယ်ဆယ်စောင့်ရှောက်ရေးနဲ့ပတ်သက်လို့ ကျွမ်းကျင်သူပုဂ္ဂိုလ်ကူညီမှုအပိုင်းအနေနဲ့ အိမ်နီးချင်းနိုင်ငံတွေက ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူ ပညာရှင်အဖွဲ့တွေကိုလက်ခံပေးနေပါတယ်။ လတ်တလောမှာကို ထိုင်း၊ အိန္ဒိယတို့က အဖွဲ့တွေရောက်နေကြပါပြီ။ ကိုယ့်နိုင်ငံအတွင်းမှာလည်း ဝန်ကြီးဌာနတွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ ပုဂ္ဂလိကကုမ္ပဏီတွေက ကျွမ်းကျင်သူ ပညာရှင်တွေ အစုအဖွဲ့ပေါင်းစုံက ဆိုင်ရာဆိုင်ရာ နယ်ပယ်ကဏ္ဍအလိုက် ပံ့ပိုးကူညီစောင့်ရှောက်မှုတွေ လုပ်ပေးနေတာဆိုတော့ အိမ်နီးချင်းနိုင်ငံတွေက ဝိုင်းကူလိုက်ရင် ပိုပြီးပြည့်စုံ အောင်မြင်သွားမှာ မုချပါပဲ။

ဒုက္ခသည်များ ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်မှုတွေကို မျက်ဝါးထင်ထင် တွေ့မြင်သိရှိနိုင်ဖို့အတွက် ရန်ကုန်နဲ့ ဗန်ကောက်အခြေစိုက် နိုင်ငံခြားသံတမန်တွေ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးတွေက သံတမန်တွေ၊အာဆီယံအတွင်းရေးမှူးချုပ်ရုံးနဲ့ UN လက်အောက်ခံအဖွဲ့အစည်းများက ဌာနေကိုယ်စားလှယ်တွေကိုလည်း လေဘေးသင့်ဒေသ ကယ်ဆယ်ရေးစခန်းတွေအထိ ကွင်းဆင်းလေ့လာနိုင်အောင် စီစဉ်ပြသခဲ့တာတွေ အခေါက်ခေါက်ပါ။ ပြောရရင် ထိုင်းဝန်ကြီးချုပ်လို နိုင်ငံအကြီးအကဲတွေက စပြီး UN ဖွံ့ဖြိုးရေးနဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ မဟာမင်းကြီး လူးဝစ္စမီးရဲလ်လို ပုဂ္ဂိုလ်တွေအထိ ကျွန်တော်တို့ရဲ့ ကယ်ဆယ်စောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ချက်တွေကို ဂုဏ်ယူစွာပြသနိုင်တဲ့အဆင့်မှာ ရှိနေပါပြီ။ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည် ဆိုတဲ့စကားအတိုင်း တကယ်လုပ်ခဲ့လို့ အဟုတ်ဖြစ်နေပြီဆိုတာ မလွဲမသွေ လက်ခံကြရမှာပါ။

အမေရိကန် စစ်သင်္ဘောတွေ မြန်မာပိုင်နက် ရေပြင်အနီး နိုင်ငံတကာရေပြင်ထဲမှာ အသင့်စောင့်နေပြီး အကူအညီပစ္စည်းတွေ ထောက်ပံ့ဖို့အသင့်ရှိနေပါတယ်ဆိုတဲ့ကိစ္စလည်း ပြည်ပအသံလွှင့်ဌာနတွေက Non-stop လွှင့်နေလို့ ကြားသိနေရပါတယ်။ သူတို့အဆိုအရ မြန်မာအစိုးရက ဝင်ခွင့်ပြုမယ့်အချိန်ကို စောင့်နေပါတယ်တဲ့။ ဒီကိစ္စနဲ့ပတ်သက်လို့ သာမန်ပြည်သူတစ်ယောက်အနေနဲ့ ကျွန်တော်နားလည်မိတာကတော့ ဘယ်လိုမှ နှောင်ကြိုးမကင်းနိုင်ဘူးဆိုတာပါပဲ။ ဒါကလည်း ကျွန်တော်ပြောတာ မဟုတ်ပါဘူး။ မေလ ၁၅ရက်က Workers World Website မှာ ဆောင်းပါးရှင် Sara Flounders က US hostility hampers relief အမည်ရှိတဲ့ ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ပါတယ်။ အဲဒီဆောင်းပါးကိုဖတ်ပြီး နားလည်မိတာကို ပြောချင်တာပါ။

ကျော်မင်းလူ (ရွှေပြည်သာ)

အဲဒီဆောင်းပါးက တော်တော်ရှည်ပါတယ်။ ဒါကြောင့် ဆောင်းပါးကောက်နုတ်ချက်လေးတွေကိုသာ ရွေးချယ်ကောက်နုတ်တင်ပြလိုက်ရပါတယ်။ အောက်ဖော်ပြပါ ကောက်နုတ်ချက်တွေက ဆောင်းပါးရှင် Sara Flounders ရဲ့ အာဘော်သာဖြစ်ပြီး အများပြည်သူ ဖတ်စေသိစေချင်တဲ့ စေတနာနဲ့ ဖော်ပြပေးလိုက်ပါတယ်။

"အမေရိကန်သမ္မတ ဘုရှ်အစိုးရသည် မြန်မာနိုင်ငံရှိ ပြည်သူများအား ဆိုင်ကလုန်းမုန်တိုင်း သဘာဝဘေးအန္တရာယ်မှ ပြန်လည်ထူထောင်လာစေရေး ကူညီနိုင်ရန် အမှန်တကယ် ကြိုးစားနေပါသလား။ သို့ဆိုလျှင် အမေရိကန်နိုင်ငံ၏ ထောက်ပံ့ကူညီမှုများကို မည်သည့်အတွက်ကြောင့် ပင်တဂွန်စစ်ဌာနချုပ်မှ ဦးစီးကွပ်ကဲ ဆောင်ရွက်နေရပါသနည်း။ ဆိုင်ကလုန်းမုန်တိုင်း မြန်မာနိုင်ငံကို ဝင်ရောက်တော့မည့်သတင်းကို သိရှိထားချိန်တွင် မြန်မာနိုင်ငံအပေါ်မည်သည့်အတွက်ကြောင့် ပိတ်ဆို့မှုများ ပို၍တိုးမြှင့် ဆောင်ရွက်ခဲ့ပါသနည်း။"

"အမေရိကန်နိုင်ငံမှ မီဒီယာဌာနအများအပြားသည် သဘာဝဘေးဒုက္ခကြီးမားနေသော ဇာတ်လမ်းများ၊ ကယ်ဆယ်ရေး ဆောင်ရွက်ချက်များကို မြန်မာအစိုးရမှ နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်မှု မရှိခြင်းတို့ကို အလေးပေးဖော်ပြခဲ့ကြသည်။ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး ဆောင်ရွက်ရာတွင် အမေရိကန်အစိုးရ၏ ရှက်ဖွယ်ကောင်းသော မှတ်တမ်းများကို ရည်ညွှန်းဖော်ပြခြင်းမရှိဘဲ လုံးလုံးလျားလျား ဖျောက်ဖျက်၍ တင်ပြခဲ့ကြသည်။"

" ထုတ်ပြန်သောသတင်းဆောင်းပါးတိုင်းတွင် မြန်မာနိုင်ငံသို့ အရေးပေါ် ထောက်ပံ့ကူညီမှုများ ပေးပို့နိုင်ရေးအတွက် အမေရိကန်အစိုးရအား Full Military Access ခွင့်ပြုပေးရန် ထပ်ခါတလဲလဲတောင်းဆိုခဲ့ကြသည်။ မြန်မာအစိုးရမှ အမေရိကန်စစ်လေယာဉ်များ ဆင်းသက်ခွင့်(သို့မဟုတ်) စစ်သင်္ဘောများ ဆိုက်ကပ်ခွင့်ပေးမည် မဟုတ်ဟုဆိုသောအခါ အမျက်ထွက်ခြင်းနှင့် တုန်လှုပ်အံ့ဩခြင်းများ ဖော်ပြခဲ့ကြသည်။ မြန်မာအစိုးရအနေဖြင့် ထောက်ပံ့ရေးပစ္စည်းများ စဉ်တိုက်ဆက်တိုက်ပေးပို့မှုအပေါ် ယုံကြည်မှုမရှိနိုင်ဟု စွပ်စွဲခဲ့ကြသည်။"

"ကြီးမားသော မုန်တိုင်းဝင်ရောက်လာမည့်သတင်းကို ကြေညာထားပြီး မုန်တိုင်းလမ်းကြောင်းကို တစ်ပတ်ကြိုတင်သိရှိထားပြီးသော အချိန်မှာပင် သမ္မတဘုရှ်သည် မြန်မာနိုင်ငံအပေါ် ပိုမိုတင်းကျပ်သော စီးပွားရေးပိတ်ဆို့မှု ဆောင်ရွက်ချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်ကို တွေ့ရှိရသည်။ စီးပွားရေး ပိတ်ဆို့မှုများသည် မြန်မာနိုင်ငံကို အထူးတလည် ပစ်မှတ်ထား တိုက်ခိုက်သော စီးပွားရေးစစ်ဆင်မှု Economic Warfare ပုံစံဖြင့် ထိုးနှက်ချက်တစ်ခုသာ ဖြစ်သည်။"

"မုန်တိုင်းသင့်၍ ဒုက္ခရောက်နေကြသော ပြည်သူများအတွက် အထူးပင် စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားချက်များ ဖော်ပြခဲ့ပြီး ရက်အနည်းငယ်အတွင်းမှာပင် အဆိုပါ အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်လျက် စီးပွားရေးပိတ်ဆို့မှုများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်စေခဲ့သည်။ ဆင်သေကို ဆိတ်ရေနှင့် ဖုံးကွယ်သော်လည်း အမေရိကန်အစိုးရ၏ မရိုးဖြောင့်မှုကို လုံခြုံအောင် ထားနိုင်ခြင်းမရှိပါ။"

"မြန်မာအစိုးရမှ အမေရိကန် အကူအညီများကို လက်ခံခဲ့သော်လည်း ၎င်းတို့၏ဖြန့်ဖြူးပေးမှုများကို လိုက်လံကြည့်ရှု ကြီးကြပ်ရန် ပြည်ပနိုင်ငံသားများအား လက်ခံမည်မဟုတ်ကြောင်း ပြောကြားသည့်အခါတွင် အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအပေါ် ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့ပြန်သည်။"

"ပင်တဂွန်စစ်ဌာနချုပ်သည် မြန်မာအစိုးရကို ပြစ်တင်ဝေဖန်ရာတွင် ၎င်း၏ အကျိုးစီးပွားမှာလည်း လျှို့ဝှက်စွာဖြင့် တစ်ပါတည်း ပါရှိနေသည်။ မြန်မာနိုင်ငံအား တံခါးဖွင့်ပေးရန်၊ အမေရိကန်စစ်တပ်များနှင့် အမေရိကန်ကော်ပိုရိတ်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုရန် ဖိအားပေး တောင်းဆိုနေခြင်းသည် မြန်မာနိုင်ငံ၏ ကြွယ်ဝလှသော နိုင်ငံပိုင်ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များကို အသုံးပြုခွင့်ရရှိရေးအတွက် ပြုလုပ်နေခြင်းသာ ဖြစ်သည်။"

"နိုင်ငံအတော်များများသည် သဘာဝဘေးအန္တရာယ်ကြောင့် ဘေးဒုက္ခကြုံတွေ့နေရချိန်တွင်ပင် အမေရိကန်နှင့် အနောက်နိုင်ငံများ၏ ထောက်ပံ့ကူညီမှုများကို လက်ခံရယူရန်ကြောက်ရွံ့ကြသည်။ အကြောင်းရင်းမှာ နိုင်ငံကို အခက်အခဲဖြစ်စေမည့် ကြွေးမြီအခြေအနေများနှင့် ၎င်းတို့နိုင်ငံရှိ စီးပွားရေးစနစ်ကို ပြန်လည်တည်ဆောက်ရန် တောင်းဆိုမှုများ၊ နိုင်ငံပိုင်အရင်းအမြစ်များကို ပုဂ္ဂလိကပိုင်ပြုလုပ်ပေးရန် တောင်းဆိုမှုများ စသည့် နှောင်ကြိုးများယှဉ်တွဲလျက် ပါလာတတ်သည့်အတွက်ကြောင့်ဖြစ်သည်။"

"အမေရိကန်နိုင်ငံရှိ ကော်ပိုရိတ်မီဒီယာများမှ မြန်မာနိုင်ငံအစိုးရအား ဘာလုပ်သင့်သည်၊ ဘာလုပ်ပေးနိုင်သည် စသည်တို့ကို ညွှန်ကြားပြောဆိုဖော်ပြနေကြသော်လည်း ကက်ထရီးနားနှင့် ရီတာဟာရီကိန်းမုန်တိုင်းများ၊ နယူးအော်လင်းနှင့် ပင်လယ်ကွေ့ကမ်းရိုးတန်းတို့တွင် ဝင်ရောက်တိုက်ခတ်သွားချိန်နှင့် တိုက်ခတ်ပြီးချိန်များတွင် ရွှေ့ပြောင်းရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာ အရေးပေါ်အစီအစဉ်များနှင့်ပတ်သက်၍ အမေရိကန်အစိုးရ၏ မအောင်မြင်သော ကိုယ်ပိုင်မှတ်တမ်းများအကြောင်းကို ရည်ညွှန်းဖော်ပြခြင်းများ အလျှင်းမရှိခဲ့ပေ။"

"၂၀၀၅ခုနှစ် ဩဂုတ်လ ၂၀ရက်နေ့တွင် နယူးအော်လင်းပြည်နယ်၌ ရေကြီးပြီး ဆည်များကျိုးပျက်ခြင်းများ ဖြစ်ပေါ်ခဲ့သည့်အတွက် လျစ်လျူရှုမှုများ၊ လူမျိုးရေးခွဲခြားမှုများ၊ ကြိုတင်စီမံချက်အားနည်းမှုများ၊ မသေချာမရေရာမှုများစသည်တို့ကို ကမ္ဘာကြီးတစ်ခုလုံးမှ စောင့်ကြည့်ခဲ့ကြသည်။"

"အဖွဲ့အစည်းများထံမှ အကူအညီများလက်ခံရန်၊ ရှာဖွေကယ်တင်ရေး ဆောင်ရွက်ပေးမည့် ပရဟိတများ၏ ကမ်းလှမ်းချက်များကို လက်ခံရယူရန် ငြင်းဆန်ခဲ့ခြင်းနှင့် နိုင်ငံတကာထောက်ပံ့ကူညီမှုများကို ခေါင်းမာစွာ ငြင်းဆန်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။ ဆရာဝန်များအား ကြိုတင်ပြင်ဆင်ထားပြီး အသင့်စောင့်ဆိုင်းနေသော အသင်းအဖွဲ့များ၊ စားနပ်ရိက္ခာ၊ ရေတန်ချိန်များစွာ၊ လောင်စာဆီစည်ပေါင်း များစွာပါရှိသည့် ကျူးဘားနှင့် ဗင်နီဇွဲလားနိုင်ငံများမှ ကူညီရန်ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့သည်။ ကာရစ်ဘီယန်ပင်လယ်တွင် အသင့်ရောက်ရှိနေသော ပြင်သစ်လေယာဉ်များ၊ ဆေးဝါးကုသရေးသင်္ဘောများနှင့် ဂျာမနီ၊ရုရှားနိုင်ငံများမှ ကူညီမှုများကိုလည်း လက်ခံခြင်း မရှိခဲ့ပေ။"

"ရဟတ်ယာဉ်မောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ရေကြီးသည့် ပြည်သူများကို ရဟတ်ယာဉ်များအသုံးပြု၍ ကယ်ဆယ်ခွင့်ပေးရန် တောင်းဆိုခဲ့သော်လည်း လေတပ် ရဟတ်ယာဉ်များကို မြေပြင်၌သာထားပြီး

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

မုန်တိုင်းဆိုတာ သဘာဝဘေးမို့လို့ သူ့ကို ယိုးမယ်ဖွဲ့ အပြစ်တင်နေလို့လည်း မထူးပါဘူး။ ဘာပဲဖြစ်ဖြစ် လဲနေရင်ပြန်ထရမှာပါ။ ပြိုပျက်သွားရင်လည်း ပြန်ပြီးတည်ဆောက်ရမှာပါ။ မူလကတည်းက သူများကူမှထနိုင်ပြီး သူများက နည်းပေးလမ်းပြ ဦးဆောင်မှ လုပ်တတ်ကိုင်တတ် တည်ဆောက်တတ်တဲ့ အညွှန့်စားလူမျိုးလည်း မဟုတ်ပါဘူး။ ကိုယ့်ဝန်ကိုယ်ထမ်းပြီး ကိုယ့်နန်းကိုယ်တည် ကိုယ့်ပြည်ကိုယ်မြှင့်၊ ကိုယ်ပိုင်ဂုဏ်နဲ့ တင့်ခဲ့တဲ့ သာကီမျိုးတွေပါ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း လေဘေးသင့်ဒေသ ပြန်လည်တည်ဆောက်ရေး တာဝန်ရှိသူများနှင့်တွေ့ဆုံ လုပ်ငန်းများ မြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးမှာကြား

ရန်ကုန် မေ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မေ ၁၈ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ လေဘေးသင့်ဒေသပြန်လည်တည်ဆောက်ရေးအတွက် တာဝန်ရှိသူများအားတွေ့ဆုံ၍ လုပ်ငန်းများ မြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကိုလည်းကောင်း၊ ခရမ်းမြို့နယ် ကျုံးကျုံးကျကျေးရွာရှိ မူလတန်း(လွန်)ကျောင်းခန်းမ၌ ကျုံးကျုံးကျ၊ ကမာကလော၊ မက္ကသံ၊ ကွဲတလင်း၊ ကမာကလူကျေးရွာများမှ တာဝန်ရှိသူများ၊ လေဘေးသင့်ပြည်သူများအားတွေ့ဆုံ၍ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအဖြစ် ဆေးရုံ၊ ဆေးခန်း၊ စာသင်ကျောင်းနှင့် သာသနိက အဆောက်အအုံများကို ချက်ချင်းပြုပြင်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အခြေခံပညာမူလတန်း(လွန်)ကျောင်းနှင့်ကျေးရွာဆေးပေးခန်း ပျက်စီးမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မောင်းမကျေးရွာရှိ မောင်းမဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက်မောင်းမကျေးရွာအုပ်စု၊ မောင်းမ၊ မောင်းကွဲ၊ အုတ်ဖိုကျေးရွာများမှဒေသခံပြည်သူများအားတွေ့ဆုံ၍ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်

ဗဟိုအလုပ်အမှုဆောင်သည် ခရီးစဉ်အတွင်း ကိုယ့်အားကိုယ်ကိုး အဆောက်အအုံများ၊ စာသင်ကျောင်းများ၏ သန့်စင်ခန်းများ၊ ကျေးရွာတံတားများ၊ ကျေးရွာစာကြည့်တိုက်များ၊ လေဘေးသင့် ပျက်စီးမှုများအတွက် ထောက်ပံ့ငွေကျပ် ၃၅၆ ဒသမ ၅သိန်း၊ အိမ်မိုးသွပ် ၄၁၆ချပ်၊ ဘိလပ်မြေအိတ် ၂၇၀တို့ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ဘောက်ထော် ပြည်သာယာဆေးရုံလမ်း အမှတ်၅နေ ဦးအုန်းမောင်-ဒေါ်လှကြည် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကား ဝါ လမ်း မင်းကွန်း တိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် ၁၁၀၀၀၀ကို အနုနာယကဆရာတော်ထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ရှိ မဟာဗောဓိ ရုပ်ပွားတော် ဌာပနာပိတ်ပွဲ၊ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲကျင်းပ

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက်ရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းဝင်းအတွင်း တည်ဆောက်ဆဲဖြစ်သော မဟာဗောဓိစေတီတော် ဒုတိယထပ်ရှိ မဟာဗောဓိရုပ်ပွားတော်မြတ်၏ မဏ္ဍာတော်ဌာပနာပိတ်ပွဲ၊ တတိယအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့်ကဆုန်ညောင်ရေသွန်းပွဲတော်ကို ယမန်နေ့နံနက် ၇နာရီက အဆိုပါကျောင်းတိုက်၌ကျင်းပရာ မိုးကောင်းဒေဝ ဆရာတော် ဘဒ္ဒန္တသုဗောဓထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ၍ မိုးကောင်း ဒေဝဆရာတော်ချီးမြှင့်သော ပဋ္ဌာန်းအောင်ပွဲ အနုမောဒနာတရားကိုနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် မဟာဗောဓိစေတီတော် ဒုတိယထပ်ရှိ မဟာဗောဓိရုပ်ပွားတော်၏ မဏ္ဍာတော်အတွင်း ထည့်သွင်းပူဇော်မည့် အလှူရှင်များ၏ ဌာပနာတော်များကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယ ဆရာတော် အရှင်လက္ခဏ၊ ဒေါက်တာ အရှင်သုန္ဒရနှင့် ဒေါက်တာအရှင် ဝိစိတ္တတို့က ဌာပနာတော်များ ထည့်သွင်းပူဇော်ပေးကြပြီး ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များနှင့်ပရိသတ်တို့ကမဟာဗောဓိ ပင်ကိုညောင်ရေသွန်းလောင်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထီးတော်တင်လှူ

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော်ကြီး၏ ကိုယ်ပွား ပြည်လုံးချမ်းသာ ရွှေစေတီ ထီးတော်တင်လှူပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲကို မေ ၁၉ရက်က ကျင်းပစဉ်။

(က-ပ)

ဖျာပုံမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအတွက် နိုင်ငံသားကုမ္ပဏီများမှ အလှူရှင်များ၊ ဝန်ထမ်းများ ထောက်ပံ့ရေးပစ္စည်းများ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်း

ရန်ကုန် မေ ၂၀

ဧရာဝတီတိုင်း ဖျာပုံမြို့ရှိ လေဘေးသင့်ပြည်သူများအတွက် နိုင်ငံသားကုမ္ပဏီများကစုပေါင်း၍လည်းကောင်း၊ စေတနာရှင်ပြည်သူများက အစုအဖွဲ့အလိုက်လည်းကောင်း၊ ထောက်ပံ့ရေးပစ္စည်းများကို ယာဉ်ကြီး၊ ယာဉ်ငယ် အသွယ်သွယ်ဖြင့် ကယ်ဆယ်ရေးစခန်းများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းလျက်ရှိကြရာ မေ ၁၇ရက် နံနက်ပိုင်းက ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင် ဦးဆောင်သော နိုင်ငံသားကုမ္ပဏီများမှ လုပ်ငန်းရှင်များသည် ဖျာပုံမြို့နယ် ၁၈ရပ်ကွက်၊ လိပ်အူကုန်းဝင်းအတွင်း ကျိုက္ကစွမ်စေတီတော်ရှိ လေဘေးသင့် ပြည်သူများအား ဆန်အိတ်၊ ပဲအိတ်၊ အာလူးအိတ်၊ အဝတ်အထည်၊ အနွေးထည်၊ ခြင်ထောင်၊ ဆေးဝါးပစ္စည်းများ၊ ရေသန့်၊ စားသောက်ဖွယ်ရာများ၊ တာပေါ်လင်လိပ်များအပါအဝင်ထောက်ပံ့ရေး ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ထောက်ပံ့လှူဒါန်းကြသည်။

အဆိုပါလှူဒါန်းရာသို့ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့်တာဝန်ရှိသူများ ကြည့်ရှုအားပေးကြပြီး လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားသည်။

အလားတူ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်မှ မော်တော်ယာဉ်ရောင်းဝယ်ရေးအဖွဲ့က စုပေါင်း၍ ဖျာပုံမြို့ မော်ဘီရပ်ကွက်ရှိ လေဘေးသင့် ပြည်သူများအား တန်းဖိုးငွေကျပ် သိန်း၂၀ရှိ အဝတ်အစားများ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းကြသည်။

(သတင်းစဉ်)

ထောက်ပံ့ရေးပစ္စည်းများ မော်လမြိုင်ကျွန်းမြို့သို့ သင်္ဘောဖြင့်ပေးပို့

ရန်ကုန် မေ ၂၀

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့သို့ပေးပို့မည့် ထောက်ပံ့ရေးပစ္စည်း၁၅၉တန်ကို တင်ဆောင်ထားသည့် သန်းပဒေသာ သင်္ဘောသည် ယမန်နေ့ ည ၇နာရီက ရန်ကုန်မြို့ ဘုန်းကြီးလမ်း အမှတ်(၁) ဆိပ်ခံတံတားမှ ထွက်ခွာသွားသည်။

တင်ဆောင်သွား

အဆိုပါသင်္ဘောတွင် နိုင်ငံတကာနှင့်ပြည်တွင်းအလှူရှင်များကလှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ စောင်များ၊ ရွက်ဖျင်တဲများ၊ မိုးကာများ၊ မိုးကာလိပ်များ၊ သွပ်နှင့် အိမ်ဆောက်ပစ္စည်းများ၊ရေသန့်ဘူးများ၊မီးအားပေးစက်များနှင့်ရေသန့်စင်စက်များ စသည့်ထောက်ပံ့ရေးပစ္စည်းများကို တင်ဆောင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုင်းကြီးကျွန်း ပြန်လည်တည်ဆောက်ရေး မော်တော်ယာဉ်တစ်စီးလှူဒါန်း

ရန်ကုန် မေ ၂၀

လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ဟိုင်းကြီးကျွန်း ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Khaing Khaing Sangda Motorcar Manufacturing Co., Ltd. က Sangda Truck မော်တော်ယာဉ်တစ်စီးလှူဒါန်းပွဲကို ယမန်နေ့မွန်းတည့်၁၂နာရီက ရန်ကုန်မြို့ ဧရာဝတီရေတပ်စခန်းဌာနချုပ် တပ်မတော်(ရေ) ဧည့်ရိပ်သာခန်းမဆောင်ရှေ့၌ကျင်းပရာ Khaing Khaing Sangda Motorcar Manufa- cturing Co., Ltd. မှ General Manager, Mr.Yu Jian Chen က မော်တော်ယာဉ်နှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် တာဝန်ရှိသူများထံပေးအပ်လှူဒါန်းပြီး ဧရာဝတီရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူးက ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ တပ်မတော်(လေ)ပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၂၀

လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများကို တပ်မတော်(လေ)က ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိရာ မေ၁၈ရက်က ဘိုကလေး၊ ကဒုံကနီ၊ ဧရာ၊ အမာ၊ ဖျာပုံ၊ ပုသိမ်၊ လပွတ္တာ၊ သိပ္ပံကုန်းကြီး၊ ပြင်စလူ၊ စလူဆိပ်၊ ဆင်ခြေရာ၊ ဥက္ကံနှင့် ဂန်အိတ်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းစုစုပေါင်း ၅ ဒသမ ၉တန်ကို တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ပြီး ယနေ့အထိ ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း ၃၆၈ ဒသမ ၁၂တန်ကို လေဘေးသင့်ဒေသများသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့် ဒေသများတွင် ရေယာဉ်လိုင်း (၁၈) လိုင်း ပုံမှန်ပြေးဆွဲလျက်ရှိ

ရန်ကုန် မေ ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၌ ယခင်ပြေးဆွဲနေကြဖြစ်သည့် ကူးတို့ရေယာဉ်လိုင်း လေးလိုင်းနှင့် ခရီးသည်နှင့် ကုန်တင်ယာဉ်လိုင်း ၁၄ လိုင်း စုစုပေါင်း ၁၈လိုင်းကို ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ရေယာဉ်လိုင်းများနှင့် လေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်အင်အားဖြည့်တင်းရန် ခေါ်ယူထားသည့် မုံရွာနှင့်မန္တလေးမြို့တို့မှ ခရီးသည်နှင့် ကုန်တင်ရေယာဉ် ခြောက်စင်းအပါအဝင် ရေယာဉ် ၁၁စင်းသည် ယမန်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ဧရာဝတီတိုင်းရှိ လေဘေးသင့်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့မှုလုပ်ငန်းတွင်လည်း ရေယာဉ် ၂၈စင်းဖြင့် ခေါက်ရေ ၃၅ ခေါက် ပြေးဆွဲပေးပို့ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်းပွဲကျင်းပ

ရန်ကုန် မေ ၂၀

ကိုးမိုင်မဟာစည် သိမ်ကျောင်းတော်ကြီးတွင် ကဆုန်လပြည့်နေ့ နံနက်စနာရီက ဆရာတော်ဘဒ္ဒန္တကဝိဓဇ အဂ္ဂမဟာပဏ္ဍိတအား သိမ်ထပ်မင်္ဂလာ ဆင်ယင်ကျင်းပရာ ဆရာတော် သံဃာတော်များအား ရဟန်းဒါယကာ ဦးသိန်းစော-ရဟန်းဒါယိကာမ ဒေါ်ခင်မာလာထွန်းနှင့် ဒါယကာ-ဒါယိကာမများက သက်န်းစသော လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

ကျင်းပ

ဆက်လက်၍ ညောင်ရေသွန်းပွဲတော်မင်္ဂလာအခမ်းအနားကို နံနက် ၉ နာရီက မဟာစည်မွှေရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ မင်္ဂလာအခမ်းအနားကို ဥက္ကဋ္ဌကြီး ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကဝိဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ အရှင်မြတ်က ညောင်ရေသွန်းတရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူသည်။ ထို့နောက် ဆွမ်းအလှူရှင် ဦးသိန်းစော-ဒေါ်ခင်မာလာထွန်း မိသားစု၊ အချိုပွဲအလှူရှင် ဦးထွန်းရင်ဦး-ဒေါ်စိန်ခိုင် မိသားစုနှင့် အလှူရှင်များစာရင်းကို ဖတ်ကြားကြေညာပြီး ဆရာတော်ကြီးက ဂုဏ်ပြုလွှာ ချီးမြှင့်သည်။ ထို့နောက် ဆရာတော်အမှူးပြုသော သံဃာတော်များ၊ ယောဂီဒေသ့ပရိသတ်များက "ယဿမူလေ နိသိနောယော" အစရှိသော ညောင်ရေသွန်း ဂါထာတော်များ၊ ဗောဓိရုက္ခဂီတိရှစ်လုံးဘွဲ့ကဗျာများ ရွတ်ဆို၍ ကျောင်းပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြသည်။ **(အပေါ်ပုံ)**

ပူဇော်

ယင်းနောက် ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တကဝိဓဇအား နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်ခဲ့ရာ ကိုးမိုင်မဟာစည်ဟိတေသီအဖွဲ့မှ ထပ်ဆင့်ဂုဏ်ပြုပွဲ ဂုဏဝိသိဋ္ဌသဘင်ကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ ဆရာတော်ကြီးထံမှ ယောဂီဒေသ့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က ဆရာတော်ဘဒ္ဒန္တကဝိဓဇ အဂ္ဂမဟာပဏ္ဍိတ၏ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်ပြီး အရှင်တေဇိန္ဒက ပါဠိ+မြန်မာနှစ်ဘာသာဖြင့် ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် ယောဂီဒေသ့ပရိသတ်များက သက်န်းစသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် လှူဒါန်းပူဇော်ကြကြောင်းသိရသည်။ **(က-ပ)**

စာမျက်နှာ ၁၀ မှ

ပျံတက်ခွင့် မပေးခဲ့ချေ။ မီဒီယာသတင်းဖော်ပြချက် အများအပြားအရ FEMA နှင့် အမိမြေလုံခြုံရေးဝန်ကြီးဌာနတို့သည် ထောက်ပံ့မှုနှင့် လူမှုရေးအသင်းအဖွဲ့များအား ပိတ်ပင်တားမြစ်ခဲ့ကြောင်း သိရှိရသည်။ နိုင်ငံတစ်ဝန်းမှ ပေးပို့လာသော ရေသယ်ကားများ၊ ပစ္စည်းကိရိယာများကို ဒုက္ခရောက်နေသူများထံ ပေးပို့ခွင့်မပေးခဲ့ချေ။

ဒါက သက်ဆိုင်ရာ ဆောင်းပါးရှင်ရဲ့ ဆောင်းပါးကောက်နုတ်ချက်အချို့သာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ဘယ်သူ့ကိုမှ ပြစ်တင်ဝေဖန်လိုစိတ် မရှိပါဘူး။ အခုမုန်တိုင်းဒဏ်သင့် ပြည်သူတွေအတွက် အမေရိကန်နိုင်ငံကပို့တဲ့ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းတွေ လေယာဉ်ကြီးတွေနဲ့ ရောက်နေတာလည်း မြင်နေတွေ့နေရတာမို့ တကယ့်စိတ်ရင်းအမှန်နဲ့ကို ကျေးဇူး တင်လျက်ပါ။ အမေရိကန်ပြည်သူတွေဟာ စေတနာသဒ္ဓါတရား ထက်သန်သူတွေဖြစ်ပြီး ကမ္ဘာပေါ်မှာဖြစ်ပေါ်ခဲ့တဲ့ သဘာဝကပ်ဘေးဆိုက်ရောက်ရာ ဒေသတိုင်းမှာ အင်တိုက်အားတိုက် လှူဒါန်းကူညီလေ့ရှိကြတယ်ဆိုတာကိုလည်း ကျွန်တော်တို့က ကျေးဇူးတင်စွာ အသိအမှတ်ပြုထားပါတယ်။ အမေရိကန်ပြည်သူတွေဆီကပေးပို့တဲ့ ပစ္စည်းတွေကို ကျွန်တော်တို့ဆီက ဒုက္ခသည်တွေ သုံးစွဲနေကြပြီ၊ စားသောက်နေကြပြီဖြစ်လို့ တကယ်လည်း ကျေးဇူးတင်ထိုက်ပါတယ်။ ဒုက္ခရောက်နေတဲ့အချိန်မှာ ထမင်းတစ်လုတ်၊ ရေတစ်ငုံသည်ပင် ဘာနဲ့မျှ တန်ဖိုးဖြတ်လို့ မရအောင် တန်ဖိုးကြီးမားလှပါတယ်။ ဒါအမှန်ပါပဲ။

သို့သော် ဆောင်းပါးကောက်နုတ်ချက်မှာ ရေးထားသလို မြန်မာပြည်သူတွေရဲ့ ဘေးဒုက္ခကို ခုတုံးလုပ်ပြီး စစ်သင်္ဘောကြီးတွေ၊ စစ်ရဟတ်ယာဉ်ကြီးတွေရဲ့ နောက်မှာပါလာမယ့် နှောင်ကြိုးတွေကိုတော့ ကျွန်တော်တို့ပြည်သူတွေ လက်မခံနိုင်တာလည်း အမှန်ပါပဲ။ ကျွန်တော်တို့ ကိုယ့်အင်ကိုယ့်အားနဲ့ လုပ်နိုင်ပါတယ်။ အိမ်နီးချင်းကောင်းတွေလည်း အများကြီးရှိနေပါတယ်။ ပြည်တွင်းမှာလည်း အရေးကြုံတော့ သက်လုံကောင်းကောင်းနဲ့ ညီညွတ်ကြပါတယ်။ အခုလည်း အတော်အတန် ခရီးပေါက်အောင်မြင်နေပါပြီ။ ခရီးကလှမ်း လမ်းကကြမ်းပေမယ့် ကြံ့ကြံ့ခံခံ မလျှော့ဖွဲ့နဲ့ လက်တွဲလျှောက်ရင်း အနေးနဲ့အမြန်တော့ ရောက်ကိုရောက်ရမှာပါ။ သိပ်စိတ်မပူပါနဲ့လို့ ပြောပါရစေ။

မုန်တိုင်းဆိုတာ သဘာဝဘေးမို့လို့ သူ့ကိုယိုးမယ်ဖွဲ့ အပြစ်တင်နေလို့လည်း မထူးပါဘူး။ ဘာပဲဖြစ်ဖြစ် လဲနေရင် ပြန်ထရမှာပါ။ ပြိုပျက်သွားရင်လည်း ပြန်ပြီးတည်ဆောက်ရမှာပါ။ မူလကတည်းက သူများကူမှထနိုင်ပြီး သူများက နည်းပေးလမ်းပြဦးဆောင်မှ လုပ်တတ်ကိုင်တတ်၊ တည်ဆောက်တတ်တဲ့ အညံ့စား လူမျိုးလည်း မဟုတ်ပါဘူး။ ကိုယ့်ဝန်ကိုယ်ထမ်းပြီး ကိုယ့်နန်းကိုယ်တည်၊ ကိုယ့်ပြည်ကိုယ်မြှင့်၊ ကိုယ်ပိုင်ဂုဏ်နဲ့တင့်ခဲ့တဲ့ သာကီမျိုးတွေပါ။ ဘာပဲဖြစ်ဖြစ် ပြိုခဲ့၊ ပျက်ခဲ့၊ ဆုံးရှုံးခဲ့တာမှန်ပေမယ့် မြေအုတ်တို့ပြိုလဲရာမှာ ကျောက်အုတ်တို့နဲ့ အစားထိုးနိုင်ဖို့ ကြိုးစားကြရမှာပါပဲ။ မနေ့ကနဲ့ ဒီနေ့မတူနိုင်သလို ဒီနေ့နဲ့မနက်ဖြန်လည်း မတူရလေအောင် တစ်နေ့ထက်တစ်နေ့ အချိန်တိုအတွင်း ပြန်လည်ဖွံ့ဖြိုးစည်ပင် တိုးတက်လာစေရမယ်ဆိုတဲ့ ခံယူချက်မျိုးနဲ့ ရှေ့တိုးသွားကြရမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး လုပ်နိုင်ကြပါတယ်။ လုပ်လည်းလုပ်နေကြပါပြီ။ မြေအုတ်တို့ပြိုလဲရာမှာ မကြာမီအတွင်း ကျောက်အုတ်တို့နဲ့ အစားထိုးတည်ဆောက်နိုင်မှာ ဧကန်မုချပါပဲ။ ။

ကလီထော်ဆည်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲနှင့်ညောင်ရေသွန်းပွဲကျင်းပ

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကြာအင်းအုပ်စု သရက်ချောင်းကျေးရွာနှင့် ကလီထော်ဆည်အနီးရှိ ရသေ့တောင်ပေါ်တွင် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ဝင် အခါတော်ပေးဆရာကြီး ဦးကျော်ကိုအမှူးထား၍ မူလဘုရားဒါယကာဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ တောင်တွင်းကြီး)၊ ဘုရားဒါယိကာမ ဒေါ်နော်ဂေးလီမိသားစုနှင့် ဓမ္မမိတ်ဆွေများက စုပေါင်းတည်ထားကိုးကွယ်ခဲ့သော ဆုတောင်းပြည့်မဟာဇေယျဓမ္မသိဒ္ဓိကိုးနဝင်းစေတီတော်(ခေါ်) ရန်အောင်မာန်အောင်ဆည်ဦးစေတီတော်၏ ဧကဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ညောင်ရေသွန်းပွဲကို မေ ၁၉ရက်က အဆိုပါစေတီတော်၌ ကျင်းပသည်။

ညောင်ရေသွန်းလောင်း

နံနက်ပိုင်းတွင် ဘုရားအနေကဇာတင်၊ ဆွမ်းကပ်ရေစက်ချတရားနာကြားကြပြီး မွန်းလွဲပိုင်းတွင် ဗောဓိပင်များကို အနေကဇာတင် ညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ ဘုရားကုန်းတော်ပေါ်၌ ဦးလှအောင်နှင့် ဓမ္မမိတ်ဆွေများလှူဒါန်းသည့် လင်းလွန်းပင်စိုက်ပျိုးခြင်းများကို အောင်မြင်စွာဆောင်ရွက်ခဲ့ကြပြီး ဗုဒ္ဓပူဇနိယပွဲနှင့် ညောင်ရေသွန်းပွဲကို ဘုရားဒါယကာ ဦးဘိုကြည်မိသားစုနှင့် သရက်ချောင်းကျေးရွာမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်ဦးချစ်ခင်၊ ရပ်မိရပ်ဖ ဦးမြချိုနှင့် ရွာသူရွာသားများ၊ ပျဉ်းမတော ကျေးရွာနှင့် ကလီထော်ဆည်မှ ရွာသူရွာသားများ တက်ရောက်တရားနာ၊ ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြကြောင်း သိရသည်။ **(၁၁၃)**

ရွှေဘုန်းပွင့်စေတီလမ်းဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် မေ ၂၀

လှည်းကူးမြို့ ကံ့ကော်ကျွန်းတောရရိပ်သာကျောင်းတိုက် မဟာသတ္တဋ္ဌာနဘုရားများနှင့် ရေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီကုန်းမြေအရောက် ဂဝံကျောက်ခင်းမှုပြီးမြောက်ခြင်းအထိမ်းအမှတ် လမ်းဖွင့်ပွဲကို မေ ၁၉ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပရာ စေတနာရှင် အလှူရှင်များ တက်ရောက်ကြပြီး အလှူရှင်ဦးမောင်မောင်ကြီး-ဒေါ်ကျင်သန်း သမီး မမြတ်နှင်းခိုင် အိုဆာကာသောက်ရေသန့်မိသားစု (၈)မိုင် ရန်ကုန်မြို့တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ဆရာတော် သံဃာတော်များက ဇယန္တောဗောဓိယာမူလေ ဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ဦးဌေးလွင်-ဒေါ်စန်းစန်းထွေး မိသားစု လှည်းကူးမြို့က မုန့်လက်ဆောင်းဖြင့် ဧည့်ခံသည်။ ဆက်လက်၍ ပရိသတ်များက ကျောင်းတိုက်အတွင်းရှိ ဗောဓိပင်အား ညောင်ရေသွန်းလောင်းခဲ့ကြသည်။ **(က-ပ)**

အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့ကကြီးမှူး၍ (၁၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့)က ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းများက ဗောဓိပင်အား ညောင်ရေသွန်းလောင်းကြစဉ်။ (၁၀၃)

မြန်မာ့ရုပ်မြင်သံကြား

၂၁-၅-၂၀၀၈ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၇:၅၅ ၅။ တေးဂီတအစီအစဉ်
- ၈:၃၀ ၆။ International News
- ၉:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၅ ၄။ သီချင်းကြီးပဒေသာ
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ ၆။ ရုပ်မြင်ရသ တေးစုကဏ္ဍ
- ၅:၀၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၀၅ ၈။ တေးဂီတအစီအစဉ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ တေးဂီတအစီအစဉ်
- ၆:၅၀ ၁၂။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၂၀ ၁၃။ တေးဂီတအစီအစဉ်
- ၇:၃၅ ၁၄။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ မြန်မာ့ရုပ်ရှင် **သိပ်ချစ်တယ် ဒီက** (အပိုင်း-၂) ရန်အောင်၊ စိုးသူ၊ ထွန်းအိန္ဒြာဗို၊ မေသဥ္ဇာဦး (ဒါရိုက်တာ-သီဟကျော်စိုး၊ သမီး-ငံပြာရည်)
- ၁၉။ အစီအစဉ်ပြီး၏။

အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလူငယ်ပြေးခုန်ပစ်အဖွဲ့ အိန္ဒိယသို့ထွက်ခွာ

ရန်ကုန် မေ ၂၀

ထိုင်းနိုင်ငံ ဖူးခက်မြို့တွင် မေ၂၂ရက်မှ ၂၃ရက်အထိကျင်းပမည့် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် ဦးသာအောင် (လောင်မျစ် ကျောက်မျက်ရတနာကုမ္ပဏီ) ခေါင်းဆောင်သည့် မြန်မာလူငယ် ပြေးခုန်ပစ်အဖွဲ့သည် ယနေ့ နံနက် ၆နာရီ ၄၅မိနစ်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြသန်းထိုက်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

သူတို့

မြန်မာလူငယ် ပြေးခုန်ပစ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်အမှုဆောင် ဦးသာအောင် (လောင်မျစ် ကျောက်မျက်ရတနာကုမ္ပဏီ) နည်းပြအဖြစ် ဒုအရာခံဗိုလ်လှသိန်း၊ အားကစားသမားများအဖြစ် အမျိုးသား-စန်းနိုင်၊ ကျော်စိုးနိုင်၊ အမျိုးသမီး-ခင်မာဆယ်နှင့် နွေးနွေးဇော်ဝင်းတို့ ပါဝင်ကြသည်။

ယှဉ်ပြိုင်မည်

အဆိုပါပြိုင်ပွဲ၌ အရှေ့တောင်အာရှနိုင်ငံများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပထမအကြိမ်ပြိုင်ပွဲတွင် ရွှေတစ်ခု၊ ကြေးတစ်ခု၊ ဒုတိယအကြိမ်ပြိုင်ပွဲတွင် ကြေးတစ်ခုတို့ မြန်မာလူငယ်ပြေးခုန်ပစ်အဖွဲ့က ဆွတ်ခူးရရှိခဲ့သည်။ ယခုပြိုင်ပွဲတွင် စန်းနိုင်နှင့်ခင်မာဆယ်တို့က မီတာ ၁၅၀၀ ပြိုင်ပွဲ၊ ကျော်စိုးနိုင်က မီတာ ၄၀၀ ပြိုင်ပွဲနှင့် နွေးနွေးဇော်ဝင်းက အလျားခုန်ပြိုင်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **(က-ပ)**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ စောင်နှင့်ခေါင်းအုံးများလှူဒါန်း

ရန်ကုန် မေ ၂၀

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၄) ရပ်ကွက် အနော်ရထာလမ်း အမှတ်၉နေ အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီဒေါ်ခင်နန်းမွန် မိသားစုက မေ ၁၄ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ငွေကျပ်၂၇၂၀၀၀တန်ဖိုးရှိ စောင် ၈၅ထည်၊ ခေါင်းအုံး၈၅လုံးကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၁) နှစ်မြောက် မင်္ဂလာဆုတောင်း

အောင်မော်သွင်(အငြိမ်းစား၊ စုံစမ်းရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန)နှင့် **သန်းသန်းမြင့်** (ငြိမ်း၊ ကထိက၊ ကုန်ထုတ်ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ ၂၁-၅-၂၀၀၈ရက်တွင် ကျရောက်သော (၂၁)နှစ်မြောက် မင်္ဂလာရက်မြတ်တွင် သားကြီး **လူမော်မြင့်၊** သမီးငယ် **ဇင်မော်မြင့်** တို့နှင့်အတူ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း နှစ်ဖက်သော မိဘများက ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးလှသွင်-ဒေါ်ခင်မြမြ **ဦးအောင်သန်း-ဒေါ်တင်ကြည်**

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ ဆုတောင်းလွှာ

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ချစ်ဖေဖေ **ဦးခင်မောင်စိုး**နှင့် ချစ်မေမေ **ဒေါ်စန်းမြင့်** တို့၏ ၂၁-၅-၂၀၀၈ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုများတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာသော ကောင်းကျိုးများကို ချစ်သားသမီးများနှင့်အတူ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးကြီး - ဒေါက်တာစန္ဒီမောင်
ချစ်သမီးငယ် - ဇေကရီမောင် (Singapore)
ချစ်သားငယ် - မောင်ကျော်သက် - ပထမနှစ်
နည်းပညာတက္ကသိုလ်၊ လှိုင်သာယာ။

မန္တလေးတိုင်း၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ရှိ သမိုင်းဝင်ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းတော်ကပ်လှူပူဇော်နိုင်ရန် အသိပေးကြော်ငြာ



သက္ကရာဇ် ၄၂၁ ခုနှစ်တွင် အနော်ရထာမင်းကြီးနှင့် ကျန်စစ်မင်းကြီးတို့ တည်ထားကိုးကွယ်ခဲ့သော ညောင်ဦးမြို့ အုံ့ဖွယ်(၉)စုံ သမိုင်းဝင်ရွှေစည်းခုံစွယ်တော်မြတ်စေတီတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်နေပြီဖြစ်ပါ၍ သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် ကုသိုလ်ပါဝင် လှူဒါန်းနိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

လှူဒါန်းဖွယ်ရာများမှာ-

၂လက်မ×၂လက်မ	ရွှေဆိုင်း (၁)ဆိုင်း	=	၃၀၀၀ဝိ
၂လက်မ×၂လက်မ	ရွှေဆိုင်း ဆိုင်းဝက်	=	၁၅၀၀ဝိ
၂လက်မ×၂လက်မ	ရွှေဆိုင်း (၁၀)ရွက်	=	၃၀၀ဝိ
၁၂လက်မ×၁၂လက်မ	ရွှေပြား (၁)ကွက်	=	၁၅၀၀ဝိ
၉လက်မ×၉လက်မ	ရွှေပြား (၁)ကွက်	=	၇၀၀ဝိ

ဆက်သွယ်လှူဒါန်းနိုင်သည့်ဌာနများမှာ-

- ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ညောင်ဦး ဖုန်း-၀၆၁-၆၀၂၆၂
- မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ညောင်ဦး ဖုန်း-၀၆၁-၆၀၃၆၇
- ရွှေစည်းခုံစေတီတော်ဂေါပကအဖွဲ့၊ ညောင်ဦး ဖုန်း-၀၆၁-၆၀၈၂၅ ဖုန်း-၀၉-၂၀၄၃၅၄၈
- ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း) ဗုဒ္ဓပူဇနိယဆီမီး(၉၉၀၀)အဖွဲ့၊ အင်းစိန်၊ရန်ကုန် ဖုန်း-၀၁-၆၄၂၈၅၈၊ ၀၁-၆၄၃၈၂၆။

ရွှေစည်းခုံဂေါပကအဖွဲ့၊ ညောင်ဦးမြို့။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ ကံကြီးရွာနေ
(ဦးဘစိန်)-ဒေါ်တင်ကြည်တို့၏သား
ဖိုလ်ကြီးဇော်မင်း B.Sc (Botany)
နှင့်
ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊
(ဂ)ရပ်ကွက်၊ ဥက္ကာ ၇ လမ်း၊
အမှတ် ၁၉၁ နေ ဦးဘအုံး-ဒေါ်စန်းထွေးတို့၏ သမီး
မနီနီအုံး
B.Sc (Chemistry)
Diploma in Global English

တို့သည် ၁၈-၅-၂၀၀၈ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဖိုလ်ကြီးဇော်မင်း-မနီနီအုံး။

မွေးနေ့ဆုတောင်း

မိသားစုအပေါ် မေတ္တာစေတနာကြီးမားလှပါသော ချစ်ခင်ပွန်း ပါပါ **ဦးလှကြည်** (H.K.O Trading Co.,Ltd.) (Managing Director) ၏ ၂၁-၅-၂၀၀၈ရက် တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း၁၂၀တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် အတူ ပျော်ရွှင်ချမ်းမြေ့ သာယာသော မိသားစုဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်ဇနီး ဒေါ်မိုးသူဇာ(ခ)မျိုး
ချစ်သမီးလေး-ဆည်းဆာလှကြည် (Y.I.S)။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ် Leitak ကျေးရွာနေ
U Ni Hmung - Daw Ngun Tang တို့၏သား
Thang Uk Hlawn Ceu
နှင့်
ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်နေ
U Tawk Lian - Daw Ni Thluai တို့၏ သမီး
Ma Ngun Tha Bor

တို့သည် ၂၀-၄-၂၀၀၈ ရက်တွင် နှစ်ဖက်သော ဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
Thang Uk Hlawn Ceu - Ma Ngun Tha Bor ။

မူးယစ်ကင်းစင် အလှဆင်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်သက်ကိုကို ၉/မဟမ (နိုင်) ၀၀၅၈၃၁သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ လုံးဝခွင့်မလွှတ်နိုင်သောအပြစ်ကို ကျူးလွန်ပြီး နေအိမ်မှထွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ နောက်နောင် မိသားစုနှင့် လုံးဝပတ်သက်မှုမရှိတော့ပါကြောင်း ကြေညာပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)

ဦးတင်မောင်ထွေး ၉/မရတ (နိုင်) ၀၄၄၅၂၁
ဒေါ်ခင်ဆွေဦး ၉/မရတ (နိုင်) ၀၄၄၅၂၅။

ပျောက်ဆုံးခြင်း

ကျွန်မ၏ နိုင်ငံကူးလက်မှတ် ၈၃၂၁၁၄ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်အကြောင်းကြားပါရန်။ **ဖုန်း-၆၃၆၀၄၃။**

အမြန်ပြန်လာပါ

မမြင့်မြင့်စန်း(ခ)ဘဲဥ ၁၂/တမန(နိုင်)၀၉၃၉၃၁ အမြန်ပြန်လာပါ။ အားလုံးအဆင်ပြေမည်။ လက်ခံထားသူများ တရားဥပဒေအရ အရေးယူမည်။

ဦးထွန်းအောင်ချို
၁၂/တမန(နိုင်)၀၆၁၆၉၇။

နေရာကွက်၍ မိုးကြီးနိုင်

(မေ ၂၀ ရက် မွန်းလွဲ ၂ နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ် ။ ။ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီ စင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ပျမ်းမျှ အပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၀.၀၇လက်မ၊ မြိတ်မြို့တွင် ၅.၂၈လက်မ၊ ကော့သောင်းမြို့တွင် ၅.၀၈လက်မ၊ ရန်ကုန် (မင်္ဂလာဒုံ) တွင် ၃.၇၄လက်မ၊ ရန်ကုန် (ကမ္ဘာအေး)တွင် ၃.၆၂လက်မ၊ ရန်ကုန် (မြို့လယ်)တွင် ၃.၅၄လက်မ၊ ခန္တီးမြို့ တွင် ၃.၂၃လက်မနှင့် ရေးမြို့တွင် ၁.၉၆လက်မ တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

မေ ၂၁ရက် ညနေအထိ ခန့်မှန်းချက် ။ ။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၁ရက် ညနေအထိ ခန့်မှန်းချက်။
မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၁ ရက် ညနေအထိ ခန့်မှန်းချက်။
မိုးအသင့်အတင့်ရွာပြီး တစ်ခါတစ်ရံသည်းထန်နိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၁ ရက် ညနေအထိ ခန့်မှန်းချက်။
မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၀-၅-၂၀၀၈	၉၅ မမ(၃.၇၄ လက်မ)	၉၂ မမ(၃.၆၂ လက်မ)	၉၀ မမ (၃. ၅၄ လက်မ)
၁-၁-၂၀၀၈မှယနေ့အထိ	၆၉၇မမ(၂၇.၄၄ လက်မ)	၈၀၂ မမ(၃၁.၅၇ လက်မ)	၈၅၉ မမ (၃၃. ၈၂ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ မေ ၁၉ ရက် မွန်းလွဲ ၁နာရီခွဲတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၀မိုင်နှုန်း တိုက်ခတ်ခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်း

မုန်တိုင်းဒဏ်ခံရသောပြည်သူများအတွက် သက်တမ်း ၁၀၂ နှစ်ရှိ YMBA အသင်းကြီးက ကျပ်သိန်း ၁၀၀ ကို မေ ၂၀ ရက်တွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ် ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အောင်ချိန်ဘွား၏ "ရှီ" နှင့် သူ၏ချစ်သူများ စာအုပ်ထုတ်ဝေဖြန့်ချိ



ရန်ကုန် မေ ၂၀

သုတပဒေသာ(အသုံးချသိပ္ပံ)ဘာသာရပ်ဖြင့် အမျိုးသားစာပေဆုရကိုလည်းကောင်း၊ အတ္ထုပ္ပတ္တိဘာသာရပ်ဖြင့် အမေ့ရွှေပျိုးခင်းစာပေဆုကိုလည်းကောင်း ရရှိခဲ့ပြီးဖြစ်သည့် အောင်ချိန်ဘွား၏ အလွန်ထူးဆန်းအံ့သြဖွယ်ကောင်းသောပုဂ္ဂိုလ်ကြီးတစ်ဦး၏အတ္ထုပ္ပတ္တိကို 'ရှီ'နှင့် သူ၏ချစ်သူများအမည်ဖြင့် ခြယ်မှုန်း၍ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေလိုက်သည်။ (ဝဲပုံ)

'ရှီ'ဆိုသော ကျေးရွာသားတစ်ဦးသည် ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်နှင့် ပါလီမန် ဒီမိုကရေစီခေတ်သုံးခေတ်တို့၏ နိုင်ငံရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးနှင့် လူမှုရေးယန္တရားများကို ဗျူဟာမြောက်စွာအသုံးချ၍ နယ်သူနယ်သားအားလုံး သူ၏ချစ်သူများ ဖြစ်လာအောင် အင်ပါယာချဲ့တတ်ပုံစသည်များကို ကြေးမုံပြင်၌ ထင်ဟပ်ဖော်ပြထားသည့် အဆိုပါစာအုပ်တွင် မမြင်ဖူး၊ မကြုံဖူး၊ မကြားဖူး၊ မသိဖူးသော ဖြစ်ရပ်ဆန်းများကို ထူးကဲစွာဖတ်ရှုရမည်ဖြစ်သည်။ အထက်မြန်မာပြည်နဂါးထွန်းဦးစာပေနှင့် ရန်ကုန် တကူးကူး ဖုန်း-၇၀၅၅၆၂စာပေ တို့မှ တန်ဖိုးငွေကျပ်၁၅၀၀ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းအတွင်း သွားလာရေးခက်ခဲသည့်ကျေးရွာများအထိ လှည့်လည်၍ဆေးဝါးကုသပေးမည့် Mobile Clinic များ

သတင်းဆောင်းပါး - ရန်ကြီးအောင်
ဓာတ်ပုံမှတ်တမ်း - ကိုကိုလေး(သတင်းစဉ်)

ရန်ကုန် မေ ၂၀

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏စီစဉ်မှုအရ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ကျန်းမာရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက် မှုဖြင့် ဧရာဝတီတိုင်းအတွင်းမှ လေဘေးသင့်ဒေသများရှိ ကျေးရွာများအရောက် လှည့်လည်ဆေးဝါးကုသပေးမည့် သင်္ဘောသုံးစင်းသည် မေ ၁၉ရက် နံနက် ၈နာရီ မိနစ် ၄၀တွင် ရန်ကုန်မြို့ ဝါးတန်းလမ်းဆိပ်ခံတံတားမှ ဧရာဝတီတိုင်းသို့ ထွက်ခွာသွားကြပြီဖြစ်သည်။

ထွက်ခွာ

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် အဆိုပါသင်္ဘောသုံးစင်းအနက် တိုင်းဧသင်္ဘောသည် ဘိုကလေးမြို့နယ်သို့ လည်းကောင်း၊ တတိုင်းမွှေးသင်္ဘောသည် ဖျာပုံမြို့နယ်သို့လည်းကောင်း၊ ဝေသန္တရာသင်္ဘောသည် လပွတ္တာမြို့သို့လည်းကောင်း ဦးတည်ထွက်ခွာသွားကြသည်။

ကုသပေး

သင်္ဘောများဖြင့် လှည့်လည်ဆေးဝါးကုသပေးမည့် အစီအစဉ်နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က **"ဒီသင်္ဘောတွေဟာ သတ်မှတ်ထားတဲ့ မြို့နယ်အတွင်း သွားလို့ရတဲ့နေရာတွေအထိ သွားပြီးတော့ ဆေးဝါးကုသပေးမှာ ဖြစ်ပါတယ်။ နောက်ပြီး သင်္ဘောကြီးသွားလို့မရတဲ့ မြစ်ချောင်းတွေနားမှာရှိတဲ့ ရွာတွေကိုလည်း သက်ဆိုင်ရာက စီစဉ်ပေးတဲ့ သင်္ဘောငယ်တွေနဲ့ ဆက်လက်သွားရောက်ပြီး ကုသပေးသွားမှာပါ။ သင်္ဘောကြီးပေါ်ကို လာရောက်ဆေးကုသမှုခံယူမယ့် သူတွေကိုလည်း လက်ခံကုသပေးမှာ ဖြစ်ပါတယ်။ သဘောကတော့ လူနာဆီကိုလည်းသွားမယ်၊ လူနာလာရင်လည်း ကုသပေးမယ်ဆိုတဲ့ အပြန်အလှန်ဆောင်ရွက်ပေးမယ့် သဘောပါ။ ဧရာဝတီတိုင်းရဲ့ ရေမြေသဘာဝအရ မြစ်ချောင်းအင်းအိုင်ပေါများတဲ့အတွက် ဒီမြစ်ချောင်းနားမှာရှိတဲ့ အချို့ကျေးရွာတွေက ပြည်သူတွေဟာ မြို့နယ်ဆေးရုံတို့၊ ကျန်းမာရေးဌာနတို့၊ ဆေးအကာအကွယ်ပေးရေးစခန်းတို့ကို သွားရောက်ဖို့ အခက်အခဲရှိနိုင်မယ်လို့ ယူဆရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ သူတို့လာနိုင်မယ့်နေရာအထိ Moblie Clinic မျိုးစုံနဲ့သွားရောက် ကုသပေးသွားမှာဖြစ်ပါတယ်"** ဟုပြောကြားသည်။

လပွတ္တာမြို့နယ်သွားသည့် ဝေသန္တရာသင်္ဘော။

သင်္ဘောတစ်စင်းစီတွင် သမားတော်ကြီး၊ ကလေးအထူးကုဆရာဝန်၊ စိတ်ပိုင်းဆိုင်ရာ အထူးကုဆရာဝန်၊ သွားဘက်ဆိုင်ရာ၊ အထွေထွေရောဂါကုဆရာဝန်များနှင့်အမျိုးသားသူနာပြုများ စုစုပေါင်း ၁၂ဦးခန့်စီ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့စီပါဝင်သည်။

တင်ဆောင်ပေး

"ဒီဆေးအဖွဲ့ဝင်တွေဟာ ကျန်းမာရေးဝန်ကြီးဌာနက ဝန်ထမ်းများ အများစု

"ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေရဲ့ ပံ့ပိုးမှုတွေနဲ့ လူနာတွေကို ကုသပေးသွားမှာပါ"
ဒေါက်တာစိုးမင်း

"လူနာဆီကိုလဲ သွားမယ်၊ လူနာလာရင်လဲ ကုသပေးမယ်။"
ဒေါက်တာဝင်းမြင့်
ဒုတိယညွှန်ကြားရေးမှူးချုပ်

ဖြစ်ပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်းက လက်ထောက်ဆရာဝန်အချို့လည်း ပါဝင်ပါတယ်။ လှည့်လည်ဆေးဝါးကုသပေးတဲ့ လုပ်ငန်းကို ဒီဒေသတွေမှာ ဆေးဝါးကုသပေးဖို့ လိုအပ်ချက်ရှိနေသရွေ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဆေးအဖွဲ့ဝင်တွေကိုတော့ ရက်သတ္တတစ်ပတ်ခန့် စေလွှတ်ပြီး အလှည့်ကျစနစ်နဲ့ လူလဲလှယ်ပေးသွားဖို့ စီစဉ်ထားပါတယ်" ဟု ဒေါက်တာဝင်းမြင့်ကဆက်လက်ပြောကြားသည်။ ကျန်းမာရေးဝန်ကြီးဌာန ဗဟိုဆေးသိုလှောင်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမျိုးဝင်းက သင်္ဘောတွေပေါ်ကို ဖျားနာကုဆေး၊ ပဋိဇီဝဆေး၊ အကိုက်အခဲ ပျောက်ဆေး၊ ဝမ်းရောဂါကုသဆေး၊ စိတ်ပိုင်းဆိုင်ရာကုသဆေး၊ အားဆေး၊ ထိခိုက်ဒဏ်ရာကုသဆေးအပါအဝင် ဆေးမျိုးစုံ၊ (အမယ်စုံ) တစ်တန်ကျော်စီ တင်ဆောင်ပေးလိုက်ကြောင်း သတင်းအဖွဲ့သို့ ပြောကြားသည်။

ပါဝင်

ဘိုကလေးမြို့နယ်သို့ သွားရောက်သည့် တိုင်းဧ သင်္ဘောတွင် စိတ်ကျန်းမာရေးဆေးရုံကြီးမှ စိတ်ပိုင်းဆိုင်ရာ အထူးကုဆရာဝန် ဒေါက်တာဆန်းလင်း ခေါင်းဆောင်ပြီး သမားတော်ကြီးတစ်ဦး၊ ကလေးအထူးကုဆရာဝန်တစ်ဦး၊ သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး၊ အထွေထွေရောဂါကုဆရာဝန်ရှစ်ဦးနှင့် အမျိုးသားသူနာပြုတစ်ဦးတို့ ပါဝင်သည်။

"ဘိုကလေးမြို့နယ်တစ်ဝိုက်မှာ ကားလမ်းမပေါက်တဲ့၊ ဆက်သွယ်ရေး ခက်ခဲတဲ့နေရာတွေအထိ သွားရောက်ပြီး ဆေးဝါးကုသပေးမှာပါ။ သင်္ဘောနဲ့သွားနိုင်တဲ့နေရာတွေအထိ သွားပြီးတော့ ဒီသင်္ဘောကြီး မသွားနိုင်တဲ့နေရာတွေကိုတော့ Boat လေးတွေနဲ့ သွားရောက်ကုသပေးဖို့ စီစဉ်ထားပါတယ်။ သက်ဆိုင်ရာ ဒေသအာဏာပိုင်တွေ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေ၊ လေဘေးသင့်မိသားစုတွေ အားလုံးနဲ့ပူးပေါင်းပြီး ဆောင်ရွက် ပေးသွားမှာပါ" ဟု ဒေါက်တာဆန်းလင်းက ပြောကြားသည်။

ဖျာပုံမြို့နယ်သို့ သွားရောက်သည့် တတိုင်းမွှေး သင်္ဘောတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီးမှ စိတ်ပိုင်းဆိုင်ရာအထူးကုဆရာဝန် ဒေါက်တာစိုးမင်းခေါင်းဆောင်ပြီး သမားတော်ကြီးတစ်ဦး၊ အရိုးရောဂါအထူးကုဆရာဝန်တစ်ဦး၊သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး၊ အထွေထွေရောဂါကုဆရာဝန်ခုနစ်ဦးနှင့် အမျိုးသားသူနာပြုတစ်ဦးတို့ ပါဝင်သည်။

"နေရာအနှံ့ လှည့်လည်ဆေးဝါး ကုသပေးသွားမှာပါ"
ဒေါက်တာကျော်ဦး

ဆောင်ရွက်ပေး

"ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အစီအစဉ်နဲ့ သက်ဆိုင်ရာတိုင်းနဲ့မြို့နယ် ကျန်းမာရေးဦးစီးဌာနနဲ့ ဒေသဆိုင်ရာအာဏာပိုင်တွေရဲ့ ပံ့ပိုးကူညီမှုတွေနဲ့ လူနာတွေကိုကုသပေးသွားမှာ ဖြစ်ပါတယ်။ ဆေးကုသပေးပြီးတော့ ဆေးရုံတင်ဖို့လိုအပ်တဲ့ လူနာတွေကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းပြီး ဆက်လက် ဆောင်ရွက်ပေးသွားမှာပါ" ဟု အဖွဲ့ခေါင်းဆောင် ဒေါက်တာစိုးမင်းက ပြောကြားသည်။

တစ်ပြိုင်တည်းဆောင်ရွက်

လပွတ္တာမြို့နယ်သို့သွားရောက်မည့် ဆေးကုသရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဆေးသုတေသနဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ဦးကလည်း **"မိမိအဖွဲ့တွင် သမားတော်ကြီးတစ်ဦး၊ စိတ်ပိုင်းဆိုင်ရာ အထူးကုဆရာဝန်တစ်ဦး၊ ကလေးအထူးကုဆရာဝန်တစ်ဦး၊ သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး၊ အထွေထွေရောဂါကုဆရာဝန် ခြောက်ဦးနှင့် အမျိုးသားသူနာပြုတစ်ဦးတို့ ပါဝင်ကြောင်း၊ ရေကြောင်းဖြင့်သွား၍ရသည့်နေရာအားလုံးကို ရောက်အောင်သွားနိုင်ရန် စီစဉ်ထားပြီး နေရာအနှံ့လှည့်လည် ဆေးဝါးကုသမှုပေးသွားမှာဖြစ်ကြောင်း၊ ကုသမှုအပြင် ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေး ပညာပေးလုပ်ငန်းများကိုလည်း ကျွဲကူးရေပါဆိုသကဲ့သို့ တစ်ပြိုင်တည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း"** သတင်းအဖွဲ့သို့ ပြောကြားခဲ့သည်။

ပြည့်စုံလာမည်

ဧရာဝတီတိုင်းအတွင်းရှိလေဘေးသင့်ဒေသများတွင် ဆေးအကာအကွယ်ပေးရေးအဖွဲ့များက ဒေသခံကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ကုသရေးနှင့်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် Mobile Clinic သင်္ဘောများကလည်း သွားလာရေးခက်ခဲသည့် ကျေးရွာများအထိ လှည့်လည်ဆေးဝါးကုသပေးမည်ဖြစ်ရာ လေဘေးသင့်ဒေသများမှ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပြီးပြည့်စုံလာမည် ဖြစ်ပါသည်။ ။

(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ မန္တလေး၌ကျင်းပ

မန္တလေး မေ ၁၅

(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၁ရက်က မန္တလေးတိုင်း ၂၈လမ်း မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။ (အောက်ပုံ)

ရှေးဦးစွာ တိုင်းဦးစီးမှူး ဦးသန်းဝင်းက (၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ရှင်းလင်းတင်ပြပြီး အမျိုးသားသွေးလှူဘဏ် တာဝန်ခံက မွန်မြတ်သော စေတနာအပြည့်ဖြင့် တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းကို ဂုဏ်ပြုမှတ်တမ်းတင်စကားပြောကြားသည်။

လက်ခံယူ

ထို့နောက် သန္ဒေအရန်မီးသတ်တပ်ဖွဲ့ဝင် ၁၆၂ဦးတို့က စုပေါင်း၍ သွေးများလှူဒါန်းကြရာ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး တိုင်းဦးစီးမှူးက သွေးအိတ် ၁၆၂ အိတ်ကို တာဝန်ခံထံပေးအပ်လှူဒါန်းရာ တာဝန်ခံကလက်ခံယူကြောင်း သိရသည်။

(ဝ၉ဝ)

နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မကျီးရေကျေးရွာ၌ ပညာအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို မတ်၂၈ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးအောင်ထွန်းသိန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂)ဦးကိုကိုလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးကောင်းမြို့၌ ကျေးလက်လမ်း ကျောက်ချောခင်း

မိုးကောင်း မေ ၁၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင်၏ ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာဦးယဉ်မင်းကျော် တာဝန်ယူပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ငွေကျပ် ၃၂၅သိန်း အကုန်အကျခံကာ စုစုပေါင်းအရှည်ပေ ၈၃၉၀၊ အကျယ်၁၂ ပေရှိ မိုးကောင်း-လွဲလောကျေးလက်လမ်းကို ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၆ ရက်က ပြီးစီးအောင်မြင်၍ ပြည်သူများစိတ်ချမ်းမြေ့စွာ သွားလာအသုံးပြုနိုင်ကြပြီဖြစ်သည်။

(ဝဝ၁)

စုပေါင်းလေ့ကျင့်

ကျော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် လေဟာပြင်ဈေးကြား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဈေးဝန်ထမ်းများ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ စုပေါင်း၍ ဧပြီ၂ရက်က ဓာတ်တိုက်လေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဦးမျိုးကြည်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးငွေထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပရီမီယာလိဂ်၌ ပြောင်းရွှေ့ကြေးနှင့် ထိုက်တန်စွာ အသင်းကိုအကျိုးအပြုဆုံး ဘောလုံးသမားများ

လန်ဒန် မေ ၂၀

ပြီးခဲ့တဲ့ ၂၀၀၇-၂၀၀၈ ပရီမီယာလိဂ်ဘောလုံးရာသီမှာ ပြောင်းရွှေ့ကြေးမြင့်မားစွာ သုံးစွဲခေါ်ယူခဲ့တဲ့ ဘောလုံးသမားတွေထဲမှာ The Sun က ရွေးချယ်ခဲ့သည့် အသင်းကို အများဆုံးအကျိုးပြုခဲ့သော ဘောလုံးသမား ငါးဦးကို ဖော်ပြလိုက်ပါတယ်။

ဖာနန်ဒိုတောရက်စ်

စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်ကနေပြီး လီဗာပူးကို ပေါင်၂၆သန်းနဲ့ ပြောင်းရွှေ့ရောက်ရှိလာခဲ့တဲ့ တိုက်စစ်မှူးတောရက်စ်ဟာ ပြီးခဲ့တဲ့ပရီမီယာလိဂ်ဘောလုံးရာသီမှာတော့ ပြောင်းရွှေ့ကြေးအများဆုံး ဘောလုံးသမားပါပဲ။ ဒီလိုပြောင်းရွှေ့ကြေး ဈေးမြင့်သလို လီဗာပူး အသင်းအတွက်လည်း စုစုပေါင်း ၃၂ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့အပြင် လီဗာပူးအသင်း နိုင်ပွဲတွေရအောင် စွမ်းစွမ်းတမံကြိုးစား ဆောင်ရွက်ပေးနိုင်ခဲ့သူမို့ ပြောင်းရွှေ့ကြေးနဲ့ ထိုက်တန်အောင် အသင်းကို အကျိုးအပြုဆုံး ကစားသမားအဖြစ် ထိပ်ဆုံးနေရာမှာ သတ်မှတ်ဖော်ပြခံရပါတယ်။

လီဗာပူးတိုက်စစ်မှူး တောရက်စ်

ဆန်တာခရုဇ်

ပြီးခဲ့တဲ့ ပရီမီယာလိဂ်ဘောလုံးရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းကနေပြီး ဘလက်ဘန်းအသင်းကို ပြောင်းရွှေ့ကြေးပေါင် ၃ဒသမ၅သန်းနဲ့ ရောက်ရှိလာခဲ့တဲ့ တိုက်စစ်မှူးကတော့ ဆန်တာခရုဇ်ပဲဖြစ်ပါတယ်။ ဆန်တာခရုဇ်ဟာ ပြောင်းရွှေ့ကြေးနည်းပေမယ့် ဘလက်ဘန်းအသင်းအတွက် ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ စုစုပေါင်း ၂၃ဂိုး သွင်းယူပေးခဲ့တဲ့ ထူးထူးခြားခြား တိုက်စစ်မှူးတစ်ဦးပါပဲ။ ပါရာဂွေး တိုက်စစ်မှူးလည်းဖြစ်တဲ့ ဆန်တာခရုဇ်ဟာ ဘလက်ဘန်းအသင်းကို ပြီးခဲ့တဲ့ ပရီမီယာလိဂ်မှာတော့ အဆင့် (၇) နေရာမှာ ရပ်တည်နိုင်အောင် အထူးစွမ်းဆောင်ပေးနိုင်ခဲ့တဲ့သူဖြစ်လို့ အသင်းကို

ဘလက်ဘန်းတိုက်စစ်မှူး ဆန်တာခရုဇ်

အကျိုးပြုနိုင်ဆုံး တိုက်စစ်မှူးအဖြစ် ဒုတိယနေရာမှာ သတ်မှတ်ဖော်ပြခြင်း ခံရပါတယ်။

အန်ဒါဆင်

ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းကနေပြီး နာနီနဲ့အတူ ပေါင်သန်း ၃၀ကျော် အကုန်ကျခံပြီး မန်ယူကခေါ်ယူခဲ့တဲ့ ကွင်းလယ်ကစားသမားအန်ဒါဆင်ဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ်မှာတော့ မန်ယူကွင်းလယ်မှာ ကောင်းကောင်းခြေစွမ်းပြကစားနိုင်ခဲ့တဲ့ ဘောလုံးသမားတစ်ဦးပါပဲ။ မန်ယူရဲ့ အဓိက ကွင်းလယ်ကစားသမား ပေါလ်စခိုးနေရာမှာ အပြည့်အဝအသုံးတည့်နေတဲ့ လူငယ်ကစားသမားဖြစ်ပြီး မန်ယူအသင်း

မန်ယူကွင်းလယ်ကစားသမား အန်ဒါဆင်

ပရီမီယာလိဂ်ဖလား ရအောင် စွမ်းဆောင် ပေးနိုင်သူတွေ ထဲမှာ တစ်ဦးအပါအဝင်ဖြစ်လို့ အသင်းကို အကျိုးပြုနိုင်တဲ့ ဘောလုံးသမားတွေမှာ တတိယမြောက်ကစားသမား အဖြစ် သတ်မှတ်နေရာပေးဖော်ပြခြင်း ခံရပါတယ်။

ယာကူဘူ

နိုင်ဂျီးရီးယားနဲ့ မစ်ဒယ်ဘရော့ တိုက်စစ်မှူးယာကူဘူကို အဲဗာတန်က ပြီးခဲ့တဲ့ ပရီမီယာလိဂ်ဘောလုံးရာသီမှာ ပေါင် ၁၁ဒသမ ၂၅သန်းနဲ့ ခေါ်ယူခဲ့ပါတယ်။ ယာကူဘူဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ် အပါအဝင် အခြားပွဲစဉ်တွေမှာပါ အဲဗာတန်အသင်းအတွက် စုစုပေါင်း ၁၉ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ အဲဗာတန်အသင်းဟာ တိုက်စစ်မှူး ယာကူဘူ ပါဝင်တဲ့ ပွဲတိုင်းနီးပါး ဂိုးတွေသွင်းယူနိုင်ပြီး နိုင်ပွဲတွေရရှိခဲ့တာမို့ ဒီနှစ်

အဲဗာတန်တိုက်စစ်မှူး ယာကူဘူ

ပရီမီယာလိဂ်မှာ ပဉ္စမနေရာချိတ်နိုင်ခဲ့တာကြောင့် ပေးရတဲ့တန်ဖိုးနဲ့ ထိုက်တန်တဲ့ စတုတ္ထမြောက် ကစားသမားအဖြစ် သတ်မှတ်ခံရပါတယ်။

ကားလို့စ်တီဗက်ဇ်

အာဂျင်တီးနားနဲ့ ဝက်စ်ဟမ်း တိုက်စစ်မှူး တီဗက်ဇ်ကို မန်ယူက ပြီးခဲ့တဲ့ပရီမီယာလိဂ်ဘောလုံးရာသီမှာ ခေါ်ယူခဲ့ပါတယ်။ တိုက်စစ်မှူး တီဗက်ဇ်ဟာ မန်ယူအတွက်ပြီးခဲ့တဲ့

မန်ယူတိုက်စစ်မှူး တီဗက်ဇ်

ပရီမီယာလိဂ်အပါအဝင် အခြားပွဲစဉ်တွေမှာပါ စုစုပေါင်း၁၉ဂိုးသွင်းယူပေးနိုင်ခဲ့သလို မန်ယူအသင်း ပရီမီယာလိဂ်ဖလား ရအောင် ထူးထူးခြားခြား စွမ်းဆောင်ပေးခဲ့တဲ့ ဘောလုံးသမားတစ်ဦးလည်း ဖြစ်တာမို့ ဒီနှစ်မှာ ပေးရတဲ့ငွေကြေးနဲ့ထိုက်တန်တဲ့ အကျိုးပြုကစားသမားတွေထဲမှာ တီဗက်ဇ်ကို ပဉ္စမနေရာမှာ သတ်မှတ်ဖော်ပြခဲ့ပါတယ်။

မောင်မောင်မြင့်ဆွေ
ရေးသားသည်

ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်အား မန်ယူက လေးနှစ်စာချုပ်သစ် ထပ်မံချုပ်ဆို

လန်ဒန် မေ ၂၀

အင်္ဂလန်ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်(အောက်ပုံ)**အား မန်ချက်စတာယူနိုက်တက်အသင်းက လေးနှစ်စာချုပ် ထပ်မံချုပ်ဆိုလိုက်သည်။**

အသက် ၂၆နှစ်ရှိ မိုက်ကယ်ကာရစ်သည် နောက်တန်းကစားသမား ဖာဒီနန်၊ ဝက်စ်ဘရောင်းတို့နှင့်အတူ မန်ယူအတွက် ဖလားထပ်မံ ဆွတ်ခူးပေးနိုင်ရန် စာချုပ်သက်တမ်းရှည် ချုပ်ဆိုထားကြသည်။

ပြောကြား

မိုက်ကယ်ကာရစ်သည် မန်ယူသို့ရောက်လာပြီးနောက် ထူးချွန်စွာကစားနိုင်သည့် ကစားသမားဖြစ်လာကြောင်း၊ လာမည့်နှစ်များအတွင်း မန်ယူဖလားများ ထပ်မံရရှိရေးအတွက် အဓိကကျသော ကစား

သမားဖြစ်လာလိမ့်မည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။

ကာရစ်သည် ၂၀၀၆ခုနှစ်တွင် တော့တင်ဟမ်အသင်းမှ မန်ယူသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၈ ဒသမ ၆သန်းဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။ မိုက်ကယ်ကာရစ်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအတွက် ပွဲပေါင်း ၄၈ပွဲအထိ ပါဝင်ကစားပေးခဲ့သည်။ ၎င်းသည် ၂၀၁၂ခုနှစ် ဇွန်လအထိ အိုးထရက်ဖို့ဒ်၌ကစားသွားမည်ဖြစ်ကြောင်း မန်ယူကလပ်က ပြောကြားသည်။

အသက် ၂၉နှစ်ရှိ ဖာဒီနန်သည် ဧပြီလက မန်ယူနှင့် ငါးနှစ်စာချုပ်သစ်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အသက် ၂၈နှစ်ရှိ ဘရောင်းသည်လည်း မန်ယူနှင့် နှစ်ရှည်စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။

(အင်တာနက်)

လာမည့် ယူရို ၂၀၀၈ပြိုင်ပွဲ စပိန်အသင်းက ရာအူးလ်အား ခေါ်ယူခြင်းမရှိ

မက်ဒရစ် မေ ၂၀

ရီးရဲမက်ဒရစ် တိုက်စစ်မှူး ရာအူးလ်(**အောက်ပုံ**)သည် လာမည့် ယူရို ၂၀၀၈ ပြိုင်ပွဲတွင် စပိန်အသင်းအတွက် ပါဝင်ကစားနိုင်လိမ့်မည် မဟုတ်ဟု ဆိုသည်။

အသက် ၃၀နှစ်ရှိ တိုက်စစ်မှူး ရာအူးလ်သည် ၂၀၀၆ခုနှစ် စက်တင်

ဘာလနောက်ပိုင်း နိုင်ငံ့လက်ရွေးစင်အဖြစ်မကစားနိုင်ခဲ့ပေ။ ၎င်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အသင်းအတွက် ဂိုးပေါင်း ၁၈ဂိုး သွင်းယူပေးခဲ့သူဖြစ်သည်။ သို့သော်လည်း အသင်းနည်းပြ လူးဝစ်အာရာဂိုးနက်စ်က ရီးရဲဇာရာဂိုဇာ တိုက်စစ်မှူး ဂါစီယာအား ခေါ်ယူထားသည်။

စပိန်အသင်းတွင် လီဗာပူး ဂိုးသမား ရေးနား၊ အလွန်ဆို၊ တောရက်စ်နှင့် အာဆင်နယ်မှ ဖာဘရီဂတ်စ်တို့ကို ရွေးချယ်ထားသည်။

လာမည့် ယူရို ၂၀၀၈ ကစားမည့် ပြိုင်ပွဲတွင် စပိန်အသင်း၌ ပရီမီယာလိဂ်ကစားသမား ၁၈ဦးပါဝင်သည်။

အာရာဂိုးနက်စ်သည် စပိန်အသင်းတွင် ကာလရှည်ကစားခဲ့သော ရာအူးလ်အား ပြန်လည်ခေါ်ယူကစားခဲ့ခြင်းမပြုခဲ့ပေ။ ၎င်းသည် စပိန်အသင်းအတွက် ပွဲပေါင်း ၁၀၂ပွဲ ပါဝင်ကစားပေးခဲ့ပြီး ဂိုးပေါင်း ၄၄ဂိုး သွင်းယူထားသူဖြစ်သည်။

(အင်တာနက်)

အင်တာနက်သတင်းအတိုအထွာ

➢ ချန်ပီယံလိဂ် ဗိုလ်လုပွဲပြီးဆုံးသည့်အချိန်တွင် မိမိအား အသင်းက ရောင်းထုတ်လိမ့်မည်ဖြစ်ကြောင်း မန်ယူတိုက်စစ်မှူး လူးဝစ်ဆာဟာက ဝန်ခံပြောကြားသည်။

* **အာဆင်နယ်အသင်းသည် ဖာဘရီဂတ်စ်အားခေါ်ယူရန် ချဉ်းကပ်လာသော ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့၏ ကမ်းလှမ်းမှုကို ပယ်ချပြီးနောက် ဖာဘရီဂတ်စ်နှင့် စာချုပ်သစ်ချုပ်ဆိုရေး နီးစပ်လာပြီဟုဆိုသည်။**

➢ အာဆင်နယ်အသင်းမှ လက်ဘ်ထွက်ခွာသွားပါက အသက် ၂၃နှစ်အရွယ်ရှိ ဝါဒါဘရီမင် ကွင်းလယ်ကစားသမား ဒိုင်ဂိုအား ခေါ်ယူမည်ဖြစ်ကြောင်း ၎င်းကလပ်ကပြောကြားသည်။

* **ဘာစီလိုနာအသင်းသည် လာမည့်ရာသီတွင် အသင်းအား ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန်အတွက် ညာနောက်ခံလူ ဒင်နီယယ်အဲလ်ဗက်စ်၊ ကွင်းလယ်ကစားသမားများဖြစ်ကြသော ခရစ္စတီယန်ပိုလ်ဆင်နှင့် ကီတာတို့အား ထုတ်ရောင်းဖွယ်ရှိသည်။**

➢ ချယ်လ်ဆီးအသင်းသည် ဘာစီလိုနာအသင်းကွင်းလယ်ကစားသမား ဒေကိုအားခေါ်ယူရန်အတွက် အကြိတ်အနယ် လုံးပန်းလျက်ရှိသည်။

* **ဘာမင်ဂမ်အသင်းမှ ပေါင်ခြောက်သန်းတန်တိုက်စစ်မှူး ဂျိမ်းစ်မက်ဖက်ဒန်အား ပို့စ်မောက်၊ ဆန်းဒါးလန်းနှင့် ဆဲလ်တစ်အသင်းတို့က ခေါ်ယူရန်စီစဉ်နေကြသည်ဟုဆိုသည်။**

➢ စပါးနည်းပြ ဂျူအန်ဒီရာမို့စ်သည် ဆီဗီလာအသင်းမှ ပေါင်ရှစ်သန်းတန်ခံစစ်မှူး အက်ဒရီယာနိုကော်ရီယာအား ခေါ်ယူလိုသည်ဟုဆိုသည်။

* **လီဗာပူးအသင်းသည် အီတလီခံစစ်မှူး အန်ဒရီယာဒေါ့ဆီနာနှင့် အက်စပန်ညိုဘယ်တောင်ပံကစားသမား အဲလ်ဘာ့ထ်ရီယာရာတို့အား ခေါ်ယူရေး နီးစပ်လာပြီဟုဆိုသည်။**

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဟမ်းဘတ်မာစတာဖလား လက်လွတ်ခဲ့ရ

ဟမ်းဘတ် မေ ၂၀

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယား(ဝဲပုံ)**သည် အီတလီမှ အင်းဒရီးယပ်စ်ဆပ်ပီအား ၆-၃၊ ၆-၁ဖြင့်နိုင်ပြီး ပဉ္စမအကြိမ်မြောက် ဟမ်းဘတ်မာစတာဖလား ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။**

ဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ်တစ် တင်းနစ် ကစားသမား ရော်ဂျာဖက်ဒဲယားသည် စပိန်နိုင်ငံမှ ကမ္ဘာ့နံပါတ်နှစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်ကို ရှုံးနိမ့်ပြီး ဟမ်းဘတ်မာစတာဖလားကို လက်လွတ်လိုက်ရသည်။

ဖက်ဒဲယားသည် နှစ်နာရီခွဲကျော်ကြာအောင် အကြိတ်အနယ် ကစားသော်လည်း နောက်ဆုံး၌ရှုံးနိမ့်ခဲ့ရသည်။

(အင်တာနက်)

မြင့်မောင်စိုးစုစည်းသည်

အီတာလျံအိုးပင်းတင်းနစ်ပြိုင်ပွဲ လက်ရှိချန်ပီယံ ဂျန်ကိုဗစ်ဗိုလ်စွဲ

ရောမ မေ ၂၀

အီတာလျံ အိုးပင်းအမျိုးသမီးတင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံဂျန်ကိုဗစ်(**ယာပုံ**)က ပြင်သစ်တင်းနစ်အားကစားမယ် အလစ်ဇီကော်နက်အား ၆-၂၊ ၆-၂ဖြင့် နိုင်ပြီး ချန်ပီယံဆုဖလားကို ကာကွယ်နိုင်ခဲ့သည်။

အသက် ၂၃နှစ်ရှိ ဂျန်ကိုဗစ်သည် ဒုတိယပွဲစဉ်တွင် ပခုံးဒဏ်ရာရ ရှိခဲ့သော်လည်း ပြိုင်ဘက်ကို အကြိတ်အနယ် ယှဉ်ပြိုင်ပြီး အနိုင်ကစားနိုင်ခဲ့သည်။

ပြင်သစ် တင်းနစ်အားကစားမယ် ကော်နက်အား ဂျန်ကိုဗစ်က ၈၃မိနစ်တိုင်အောင် အကြိတ်အနယ်ကစားခဲ့ရသည်ဟု ဆိုသည်။ ကမ္ဘာ့နံပါတ်(၄) အဆင့်ရှိ ဂျန်ကိုဗစ်သည် ယင်းဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ခြောက်လုံးမြောက် ဒဗလျူတီအေဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မော်လမြိုင်မြို့ သမိုင်းဝင် ဆံတော်ရှင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မေ ၁၀ရက်က ဦးထွေးဝင်းအား ရည်စူး၍ မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် အမှတ်(၁၆၇) ဖ လမ်းနေ မိခင်ဒေါ်သန်းကြည်၊ ဇနီး ဒေါ်ခင်မေရီ၊ သမီး မသီတာဝင်း မိသားစုက ငွေကျပ် ငါးသိန်းတစ်သောင်းနှစ်ထောင် ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၀၁၄)

ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ဖလမ်းမြို့၌ ကျန်းမာရေး ပညာပေးဟောပြော

ဖလမ်း မေ ၁၃

ဖလမ်းမြို့နယ် အမျိုးသားငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ်ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် နံနက် ၉နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်စည်က အမှာစကား ပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ဦးမောင်က အမျိုးသားငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာများကို ဟောပြောသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သပိတ်ကျင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တစ်မြို့လုံး ရေရရှိရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ စဉ်ဆက်မပြတ် ရေပေးဝေနိုင်ရန်အတွက် ရေတင်ပိုက်လိုင်းများကို ဧပြီ ၁၀ရက်က အမှုဆောင်အရာရှိ ဦးဂျော့ချ်မျိုးမြင့် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ဇင်ဇင်သက်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမအသင်း သက်ကြီးပူဇော်

မန္တလေး မေ ၁၃

ပထမအကြိမ်မြောက် မန္တလေး အောင်မြေသာစံမြို့နယ် ၂၂လမ်းနှင့် ၈၆လမ်းထောင့် ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ သက်ကြီးပူဇော်ပွဲကို ဧပြီ ၂၁ရက် နံနက်က အသင်းရုံး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ အသက်၆၀ကျော် အသင်းသူအသင်းသား အသက်ကြီးသူများ၊ ဒါရိုက်တာဥက္ကဋ္ဌ ဦးဘကြည်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ စာရင်းကိုင်တာဝန်ခံ ဦးထွဏ်းလှအောင်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

သက်ကြီးပူဇော်

ရှေးဦးစွာ အတွင်းရေးမှူးဦးအောင်သိန်းက အသက် ၆၀ကျော် အသင်းသူအသင်းသားများအား ပထမအကြိမ် သက်ကြီးပူဇော်ရခြင်းကို ရှင်းလင်းတင်ပြပြီး ကန်တော့ငွေကျပ် ငါးထောင်စီကို ဥက္ကဋ္ဌနှင့်ဝန်ထမ်းများက ပေးအပ်ကြကြောင်း သိရသည်။ (၀၉၀)

မိုးညှင်းမြို့နယ် ကြက်ခြေနီအသင်းကြီးမှူး ရှေးဦးသူနာပြု အခြေခံအဆင့် သင်တန်းဆင်း

မိုးညှင်း မေ ၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကြက်ခြေနီအသင်းကကြီးမှူး ဖွင့်လှစ်သော ကြက်ခြေနီ ရှေးဦးသူနာပြု အခြေခံအဆင့် သင်တန်းအမှတ်စဉ်(၂)နှင့် အမှတ်စဉ်(၃) ဆင်းပွဲ အခမ်းအနားကို မတ် ၁ ရက်က မိုးညှင်းမြို့ အထက (၂) မြစ်ပယ် ခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးတင်လှိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင် ကြက်ခြေနီ အသင်းကြီးကြပ်ရေးဥက္ကဋ္ဌဒေါက်တာစန်းစန်းက ကြက်ခြေနီ အသင်း ပူးပေါင်းဆောင်ရွက်ခဲ့သော လုပ်ငန်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကြက်ခြေနီ သင်တန်းထူးချွန်စံပြဆု၊ စာတွေ့၊ လက်တွေ့ ထူးချွန် ပထမ၊ ဒုတိယနှင့် တတိယဆုရ ကြက်ခြေနီ တပ်ဖွဲ့ဝင်များကို လည်းကောင်း၊ ကြက်ခြေနီသင်တန်းဆင်း၁၄၀ အား လည်း ကောင်း ဂုဏ်ပြု ဆုပစ္စည်းနှင့် သင်တန်းဆင်း လက်မှတ်ကို တာဝန်ရှိသူတို့က ပေးအပ်ကြသည်။ (၀၀၂)

ကောလင်းမြို့၌ ယဉ်ကျေးမှုသင်တန်းပို့ချ

ကောလင်း မေ ၁၀

ကောလင်းမြို့နယ် တောင်ကြီးကျေးရွာကျောင်းတိုက်ဆရာတော်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ကောလင်းမြို့၌ ယဉ်ကျေးမှုသင်တန်း (ဂုဏ်ထူးတန်းဆင့်) သင်တန်းကို ကျောင်းတိုက်ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တကိုန္ဒဝံသ (သာသနဓဇ ဓမ္မာစရိယဝိနယဝိဓူ၊အင်္ဂုတ္တရနိကာယဝိဓူ၊ အဘိဓမ္မာဝိဓူ)သင်တန်းနည်းပြ ဦးအေးမင်းနှင့်အဖွဲ့က သင်တန်းသူ သင်တန်းသား ၇၀ကျော်တို့အား ဧပြီ ၁ ရက်မှ မေ ၄ ရက်အထိ ပရိတ်ကြီး ၁၁သုတ်၊ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်များကို ပို့ချကြကြောင်းသိရသည်(၀၃၂)



ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ်တွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့က ဆုတောင်းပြည့် ကူးကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့၊ ဆွမ်းဆန်စိမ်းနှင့် ဆွမ်းကြီးလောင်းဖြစ်မြောက်ရေးအဖွဲ့တို့ မြို့နယ်တွင်းရှိ သီလရှင်အပါး ၂၅၀တို့အား (၃၄)ကြိမ်မြောက်အဖြစ် ပြည်သူများ ဆွမ်းဆန်စိမ်းလောင်းလှူနိုင်ရန် မြို့နယ်တွင်းသို့ အလှူခံကြွရောက်ကြရာ ဂန္ဓာရုံကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသ ဆရာတော်က လှူဖွယ်ပစ္စည်းများလှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

အမှတ်(၄) ရတနာပုံလမ်း အင်းစိန် မြို့နယ်နေ ဦးညွန့်မောင်-ဒေါ်လှလှမြိုင် မိသားစုနှင့် အမှတ် (၈၇) ဘယသုဒ္ဓိလမ်း ကျောက်မြောင်း တာမွေမြို့နယ်နေ မောင်မင်းလွင်-မဆုမွန်ပြည့်တို့က မင်္ဂလာဦး အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၃၃၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဦးသန်းအောင် လက်ခံယူစဉ်။ (က-ပ)

စဉ့်ကိုင်မြို့ တက်လူစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်း

စဉ့်ကိုင် ဧပြီ ၃၀

စဉ့်ကိုင်မြို့နယ် ခံဘူး(ခ)ကံထူး ကျေးရွာ တက်လူစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ ရေဒီယို၊ ငွေပဒေသာပင်နှင့် စာအုပ်စာစောင်ပေးအပ်လှူဒါန်းပွဲကို ဧပြီ ဖ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို လည်းကောင်း၊ မြို့နယ် ဦးစီးမှူး ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက်ရှင်သန်ခိုင်မာရေးလုပ်ငန်းများနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးကြသည်။

လက်ခံ

ထို့နောက် ကျေးရွာဥက္ကဋ္ဌဦးသန်းအောင်က ရေဒီယိုတစ်လုံးနှင့် ငွေကျပ် ငါးထောင်၊ ကျေးရွာအမျိုးသား၊ အမျိုးသမီးများအဖွဲ့က ငွေကျပ်သုံးသောင်း၊ ကျေးရွာဆယ်အိမ်မှူးအဖွဲ့က ငွေကျပ် ခုနစ်ထောင်၊ ဆည်ရွာအုပ်စု ဥက္ကဋ္ဌက ငွေကျပ်သုံးထောင်၊ ဒေါ်ခင်မာစိန်က ငွေကျပ် နှစ်ထောင်နှင့် အလှူရှင် ကိုးဦးတို့က သုတ၊ရသစာအုပ် ၇၆အုပ်ကိုပေးအပ်လှူဒါန်းကြရာ ခရိုင် ဦးစီးအရာရှိက လက်ခံယူသည်။

ဖဲကြိုးဖြတ်

ဆက်လက်၍ ကံထူးကျေးရွာ တက်လူစာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင် ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူး၊ ဆည်ရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ရသဝတီခန်းမရှေ့တွင် မြေခင်းအလှ ဆောင်ရွက်မှုကို မတ် ၁၁ရက်က ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

DISTINCT
Educare
Preschool
(Free consultation during May 21st to May 30th between 10:00 AM - 4:00 PM)
Enroll Now!!
- Limited Student!!
- Discount!! (For First Ten Enrollment)
No. 264 (C1), Seik Kan Thar Street (Upper Block), Kyauktada Township, Yangon.
Tel : 388-206, 09512-7879, 09510-9740, 0980-24352 E-mail - distinct@myanmar.com.mm
- Art Corner
- Music Corner
- Phonic Corner
- Block Corner
- Indoor Playground
- Dramatic Play Corner
- Kid's Library
- Computerized learning
- Air-conditioned room

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းသို့ လေဘေးအတွက် လှူဒါန်းနိုင်

ရွှေပြည်ဟိန်းဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြာတစ်ပွင့် ဦးဆောင်အစီအစဉ်ဖြင့် ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းမှ ဆရာဝန်များသည် လေဘေးသင့်ဒေသများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်ကူညီမှုများပြုလုပ်လျက်ရှိရာ ဆေးနှင့်ဆေးပစ္စည်းအတွက် အလှူငွေများ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ရွှေပြည်ဟိန်းကျောင်း (တာမွေလေး သံလမ်းအနီး)ပြည်သာယာ ရန်ကင်းမြို့နယ် ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁-၀၂၁၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

EXCELLENT
ဓာတ်ပုံ ဗီဒီယို

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ထားဝယ်မြို့နယ်တရားရုံး
၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၈

ဒေါ်ခင်ညိမ်း **နှင့်** ၁။ ဦးမောင်သိန်း
၂။ ဒေါ်စန်း

တရားလို **တရားပြိုင်များ**

တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ရှမ္မတွင်းကျေးရွာနေ (ယခုနေရပ်လိပ်စာမသိသူ) ဦးမောင်သိန်း၊ ဒေါ်စန်း(အတူနေလင်မယား) သိစေရမည်။

သင့်အပေါ်၌ တရားလိုကပေးဆပ်ရန်ကတိပြုထားသည့်ငွေ(၉၀၀၀၀၀ိ/-) ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်ဆက်စပ်၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် မေ၂၉ရက်(၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူတရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်တင်သွင်းရမည်။

၂၀၀၈ခုနှစ် မေ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်စိုး
ဒုတိယမြို့နယ်တရားသူကြီး
ထားဝယ်မြို့။

ဖခင်အမည်မှန်

မော်လမြိုင် အထက(၄) တက္ကသိုလ်ဝင်တန်းမှ မသိမ့်သိမ့်စိုး၏ ဖခင်အမည်မှာ ဦးရင်မိုး မဟုတ်ပါ။ မှတ်ပုံတင်စာရင်းအရ ဦးယဉ်မိုး ၁၀/မလမ(နိုင်) ၀၉၁၉၉၈ ဖြစ်ပါသည်။ **ဦးယဉ်မိုး။**

ဝမ်းနည်းကြေကွဲခြင်း

တာမွေမြို့နယ် ဖျိုင်းရေအိုးစင်လမ်း နတ်ဘုန်းရှိန် ဆုတောင်းပြည့်စေတီတော် ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးအောင်သန်း၏ မိခင်ကြီး ဒေါ်ဖွားရှင် အသက်(၉၄)နှစ်သည် ၁၈-၅-၂၀၀၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

နတ်ဘုန်းရှိန်ဆုတောင်းပြည့်စေတီတော်
ဂေါပကအဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာမြဦးနှင့် ဇနီးဒေါ်တင်တင်မြတို့၏မိခင်ကြီး ဒေါ်စိန်မြ အသက်(၈၈)နှစ်သည် ၁၆-၅-၂၀၀၈ ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့်
ဝန်ထမ်းများ
ရန်ကုန်တိုင်း။

ဂန့်ဂေါပြန်/ဆက် ဝန်ထမ်းများ လုပ်ငန်းရှင်းလင်း

ဂန့်ဂေါ မေ ၁၅

မကွေးတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းသည် ဧပြီ ၂၅ရက်က ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ မှာကြားချက်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လမ်းညွှန်ချက် ၁၁ချက်တို့ကို ရှင်းလင်းမှာကြား၍ တစ်နှစ်တာ လုပ်ငန်းလျာထားချက်ပြည့်မီအောင် ဆောင်ရွက်ရေး ရှင်းလင်းမှာကြားသည်။ (၀၇၁)

သီပေါမြို့နယ် သာသနာရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မေ၆ရက်က အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ ကျင်းပရာ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (မြို့နယ် ပြန်/ဆက်)

သာသနိကအဆောက်အအုံများ ပြုပြင်ရန်ငွေလှူဒါန်း

ရန်ကုန် မေ ၂၀

အဓိဋ္ဌာန်အောင် ဆုတောင်းပြည့်ဆယ်တော်မူစေတီတော်မြတ်ကြီး၏ရွှေထီးတော်ကြီးနှင့်အတူ ဉာဏ်တော် ၁၈ပေအမြင့်ရှိ ငါ့ရန်အောင်ဗျာဒိတ်ပေး ရပ်တော်မူဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင် မွမ်းမံတည်ထားကိုးကွယ်နိုင်ရန်အတွက် အလှူရှင်များဖြစ်ကြသော ဦးအောင်ဝင်းဦး(လဝကဦးစီးမှူး၊ တာချီလိတ်)-ဒေါ်နီလာထွန်း(ပြည်တွင်းအခွန် ဦးစီးဌာန)မိသားစု တိုက် ၁၀၊ ရတနာပုံလမ်း သုမင်္ဂလာအိမ်ရာက ငွေကျပ် ၈၅၀၀၀၀၊ ဦးခင်မောင်မြင့်-ဒေါ်အေးအေးမြင့်၊ သမီးအိအိမာ၊ အိအိထက်၊ သားတင်ထွန်းအောင် မိသားစု ၃၇ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)က ငွေကျပ် ၈၅၀၀၀၀၊ ဦးသန်းထွေး-ဒေါ်ငွေငွေဝင်း မိသားစု ၅ရပ်ကွက် မင်းရဲကျော်စွာလမ်းမကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ကငွေကျပ် ၅၀၀၀၀၀၊ ကိုမိုးမင်း-မခင်စန္ဒာထွန်းမိသားစု ကိုးမိုင်မရမ်းကုန်းက ငွေကျပ် ၁၁၀၀၀၀တို့ကို ဆယ်တော်မူဘုရားကြီး ဦးဆောင်နာယကဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များထံ လှူဒါန်းကြသည်။ အလှူရှင်များလှူဒါန်းလိုပါက ဦးကံအောင်-မခင်ဦး ဖုန်း-၀၉-၅၀-၄၁၄၅၉၊ ကိုဆန်းဝင်း ဖုန်း-၅၈၀၉၁၅၊ ဦးခင်မောင်မြင့်-ဒေါ်အေးအေးမြင့် ဖုန်း-၅၈၃၅၂ လိုင်းခွဲ၈၂၂၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၁၄ရပ်ကွက် အနော်ရထာလမ်းမကြီးရှိ ဘုရားကြီး ဂေါပကအဖွဲ့များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကြေးသေတ္တာနှင့်ကြေးပြားများလှူဒါန်း

ရန်ကုန် မေ ၂၀

ကြေးပိဋကတ်တော်ပြုလုပ်ရန် ကြေးသေတ္တာနှင့် ကြေးပြားများကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း မင်္ဂလာတိုက်ကျောင်း ပဓာနနာယက ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံသို့ အမှတ် ၁၀၁(ဘီ-၁)သံလွင်လမ်း ကမာရွတ်မြို့နယ်နေ ဦးခင်ဦးအောင်၏ (၇၆)နှစ်ပြည့်မွေးနေ့အတွက် ဦးခင်ဦးအောင် - ဒေါ်မြင့်မြင့် အုန်းမိသားစု (အောင်ပြည်တန် ကုမ္ပဏီလီမိတက်)**(အပေါ်ပုံ)**က ကြေးသေတ္တာတစ်လုံး၊ ကြေးပြားသုံးချပ်နှင့် ကြေးပိဋကတ် တည်ဆောက်ရန် အလှူငွေကျပ် ၁၀သိန်း စုစုပေါင်းကျပ်၁၂၂၈၀၀၀၊ အမှတ် ၁၇/၅၆ ဝိဇ္ဇာလမ်း ရတနာမြိုင်ခြံ၊ ၅ရပ်ကွက် ၉မိုင်နေ ဦးသိန်းဖေ-ဒေါ်မြိုင်မြိုင်ခင် မိသားစုက ကြေးပြားတစ်ချပ် အလှူငွေကျပ် ၂၆၀၀၀၊ အမှတ် ၆(က) ဘောက်ထော် ပြည်သာယာလမ်းနေ ဦးမင်းအောင်-ဒေါ်စန်းစန်းမြင့်၊ သား မောင်မင်းသိန်း မိသားစုက ကြေးပြားနှစ်ချပ် အလှူငွေကျပ် ၅၂၀၀၀၊ ဦးချို-ဒေါ်လှရင်၊ သမီးမအဝမ်၊ မအလိမ် မိသားစုက ကြေးပြားတစ်ချပ် အလှူငွေကျပ် ၂၆၀၀၀၊ အမှတ် ၉၆/၁၃ဘီ ရန်ကုန်-အင်းစိန်လမ်း ကမာရွတ်မြို့နယ်နေ ဦးမြင့်စိုး-ဒေါက်တာဒေါ်လှမင်း မိသားစုက ကြေးပြားနှစ်ချပ် အလှူငွေကျပ် ၅၂၀၀၀၊ အမှတ် (၈) မဥ္ဇူလမ်း ပါရမီ ရန်ကင်း မြို့နယ်နေ ဦးစိန်မင်း-ဒေါ်အေးမွန်မွန်၊ သမီးမကြည်သာ၊ မရည်မာမိသားစုက ကြေးပြားနှစ်ချပ် အလှူငွေကျပ် ၅၂၀၀၀၊ အမှတ်၁၂(က)သီရိမင်္ဂလာလမ်း ကမာရွတ် မြို့နယ်နေ ဦးဝင်းငွေ-ဒေါ်ယဉ်မော်အောင်နှင့်သားများ မောင်ရဲလင်းငွေ၊ မောင်ဥက္ကာငွေ၊ မောင်ဖွဲ့လင်းငွေတို့က ကြေးပြားသုံးချပ် အလှူငွေကျပ် ၇၈၀၀၀ စုစုပေါင်း အလှူငွေကျပ် ၁၅၁၄၀၀၀ကို လာရောက်လှူဒါန်းကြသည်။ (က-ပ)

ရခိုင်ပြည်နယ် **စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဧပြီ၂၄ ရက်က မင်းပြားမြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင်ယာဉ်၊ စက်ယန္တရားများကြံ့ခိုင်မှု အခြေအနေကို ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင် အရာရှိ ဦး ဘုန်း မောင် နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။**(မြို့နယ်စည်ပင်)

ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ် ၁၆၂ နေ ဦးကျော့ရှင်း-ဒေါ်ခင်ခင်စော မိသားစုက နှစ်ဖက်သော မိဘများနှင့် အစ်မ ဒေါ်အေးကြင်၊ ဒေါ်မြကျင်တို့အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။ (က-ပ)

မီးငြိမ်းသတ်ရေး ကြိုးပမ်းထမ်းဆောင်သူ ဂုဏ်ပြုချီးမြှင့်

ပခုက္ကူ မေ ၁၅

(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီက ပခုက္ကူမြို့ ခရိုင်မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မီးငြိမ်းသတ်ရေး တာဝန်များကို ကြိုးပမ်းထမ်းဆောင်ခဲ့သော ရပ်ကွက်များအား ဂုဏ်ပြုမှတ်တမ်း ချီးမြှင့်ပေးအပ်သည်။

ထို့နောက် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ဆီ၊ မီးလောင်မှုကို အမြှုပ်မီးသတ်ဆေးရည်ဖြင့် ဖုံးအုပ်ငြိမ်းသတ်ခြင်း၊ ဂက်စ်အိုးမီးလောင်မှု ငြိမ်းသတ်ခြင်း၊ မီးသတ်စက်ကြီးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြသကြောင်း သိရသည်။ (၀၇၀)

မုန်တိုင်းဒဏ်သင့် မိဘမဲ့ကလေးများအား ဖျာပုံခရိုင်နှင့် လပွတ္တာမြို့များတွင် မိဘမဲ့ကလေးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးမည်

နေပြည်တော် မေ ၂၀

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ၂၀၀၈ခုနှစ် မေ ၂၀ ရက်တွင် သတင်းထုတ်ပြန်ချက် အမှတ်(၆)ကို ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

သတင်းထုတ်ပြန်ချက် အမှတ်(၆)

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၌ ဆောင်ရွက်နေသော ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မေလ(၁၈)ရက်နေ့မှစ၍ လှည့်လည်ကြည့်ရှုစစ်ဆေး အားပေးလျက်ရှိပါသည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လေဘေးသင့်သူများကို လိုက်လံကြည့်ရှုအားပေးပြီးနောက် လေဘေးသင့်ဒေသများအလိုက် စာရင်းဇယားများ တိကျစွာမှတ်တမ်းတင်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျစီမံချက်များချမှတ်ကာ ထိရောက်စွာဆောင်ရွက်ရန် မှာကြားခဲ့ပါသည်။ ထိုသို့ လမ်းညွှန်မှာကြားရာတွင် မုန်တိုင်းဒဏ်သင့်ဒေသများရှိ မိဘမဲ့ကလေးများကို စာရင်းကောက်ယူစုစည်းပြီး ဖျာပုံခရိုင်နှင့် လပွတ္တာမြို့များတွင် မိဘမဲ့ကလေးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးရန်လည်း ထည့်သွင်းမှာကြားခဲ့ပါသည်။

၃။ ယခုလောလောဆယ်တွင် စုစည်းရရှိထားသော မုန်တိုင်းဒဏ်သင့် မိဘမဲ့ကလေးများကို မအူပင်မြို့နှင့် မြောင်းမြမြို့များတွင် အထူးအစီအစဉ်ဖြင့် ပြုစုစောင့်ရှောက်ထားပြီး အထက်အပိုဒ်(၂)ပါ လမ်းညွှန်ချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ရက်စွဲ၊ ၂၀-၅-၂၀၀၈။
နေရာ၊ နေပြည်တော်။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး
ဗဟိုကော်မတီ

လေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် မေ ၂၀

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ အလှူရှင်များအနေဖြင့် အလှူငွေများ၊ ပစ္စည်းများ လှူဒါန်းလိုပါက အောက်ပါနေရာများ၌ လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်း အမှတ် ၁၆/ကရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဖုန်း-၀၉-၈၆၀၀၁၀၉နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၈၆၀၀၁၀၂၊ ညွှန်ကြားရေးမှူး ဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းတင် ဖုန်း-၀၁-၅၄၃၇၆၅တို့သို့ တိုက်ရိုက်ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း လှူဒါန်းနိုင်ကြောင်းနှင့် ပစ္စည်းများကို ဦးသန်းဦး (ညွှန်ကြားရေးမှူးချုပ်)ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ကုန်သွယ်ရေးဂိုဒေါင် အမှတ်(၃)ရပ်ကွက် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားအနီး ဖုန်း-၀၉-၈၆၀၀၀၂၅၊ ၀၉-၈၆၀၀၅၂၆၊ ၀၉-၈၆၀၀၇၀၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ရှိ အစိုးရဌာနရုံးအဆောက်အအုံများ၊ မြို့တော်ခန်းမ၊ ရန်ကုန်တိုင်း အတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဟိုတယ်များနှင့် လူနေ အဆောက်အအုံများ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကို တိုင်တစ်ဝက် လွှင့်ထူထားစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူများ သတိပြုရန်

သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့တွင် တရားဝင်ထုတ်လွှင့် ဖော်ပြခြင်းမရှိသော ကောလာဟလ သတင်းများကို မယုံကြည်ကြပါနှင့်။

မုန်တိုင်းဒဏ်ကြောင့် အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးခြင်းအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်နေ့များအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို တိုင်တစ်ဝက်လွှင့်ထူ

ရန်ကုန် မေ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နာဂစ်မုန်တိုင်းသည် မေ ၂ရက် နံနက် ၉ နာရီမှစတင်၍မေ ၄ ရက်မွန်းလွဲ ၁၂နာရီခွဲအထိ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အား ဖြတ်သန်းတိုက်ခတ်ခဲ့ရာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးခြင်း၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများ၊ ရေယာဉ်များ၊ တိရစ္ဆာန်များ၊ သီးနှံစိုက်ခင်းများ၊ သစ်တောများနှင့် ရိက္ခာပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်း ကြီးမားစွာဖြစ်ပေါ်ခဲ့ရပြီး မုန်တိုင်းဒဏ်ကြောင့် ပြည်သူများသေဆုံးခဲ့ရခြင်းအတွက် မေ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တာကာလကို ဝမ်းနည်းကြောင်းအထိမ်းအမှတ်နေ့များအဖြစ်သတ်မှတ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို ယင်းကာလအတွင်း တိုင်တစ်ဝက် လွှင့်ထူရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက မေ ၁၉ရက်တွင် ကြေညာချက်အမှတ်(၆/၂၀၀၈) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ ●